# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၀၃)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ်အား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကန်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

## ပုသိမ်ပညာရေးဒီဂရီကောလိပ် အဆောက်အအုံများကို လိုအပ်သည့် ပြုပြင်မွမ်းမံခြင်းများဆောင်ရွက်၍ အကျိုးရှိရှိ အသုံးချသွားကြရန်လို

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ယနေ့နံနက်ပိုင်းတွင် ဧရာသီရိသုခခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကန်ကြီးထောင့်မြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ကန်ကြီးထောင့် *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ သတင်းအညွှန်း**


လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှတစ်ဆင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ပုံဖော်စို့ — ဆောင်းပါး — စာ ၆

သင်ယူလိုစိတ်ရယ် ၂၁ ရာစုရယ် စမတ်ဖုန်း AI ရယ် — ဆောင်းပါး — စာ ၁၀


**ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တို့တွင် ဖော်ပြထားပါသည်။

❖ ရှေ့ဖုံးမှ

မြို့နယ်အတွင်း ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းအတိုင်းရရှိမှု၊ ဆီထွက်သီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တန်ဖိုးမြင့်ဆန်ဖြစ်သည့် ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)မျိုးများ စိုက်ပျိုးလျက်ရှိမှု၊ သဘာဝမြေသြဇာဖြစ်သည့် ပိုက်ဆံလျှော်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် နိုင်ငံ့စီးပွားရေးရန်ပုံငွေများ ထုတ်ချေးပေးပြီး သွင်းအားစုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများ မီးလင်းရေးအတွက် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် မြို့မိမြို့ဖများက နိုင်ငံတော်အကြီးအကဲအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှုများအတွက် ဒေသခံပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိလျက်ရှိမှု၊ ကန်ကြီးထောင့်မြို့ရှိ ပြည်သူ့ဆေးရုံကြီးအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ မြို့တော်ခန်းမ ဆောက်လုပ်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းရှိ နယ်ဝေးမှ ဆရာ ဆရာမများအတွက် အဆောင် ဆောင်ရွက်ပေးစေလိုမှုနှင့် သိပ္ပံဆောင်အား အဆင့်မြှင့်တင်ဆောက်လုပ်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့ လူထုအပန်းဖြေနေရာနှင့် ရိုးရာပွဲတော်များ ကျင်းပရာနေရာဖြစ်သည့် ကမ်းသာယာကမ်းနားလမ်းနေရာ၌ ရေတိုက်စားမှုလျော့ပါးစေရေး ကမ်းထိန်းနံရံတည်ဆောက်ပေးစေလိုမှု၊ မြို့အနောက်ဘက်ရှိ မြို့လယ် -ပဒေါင်းပိုင်း -ပိတောက်ပင် ဆက်သွယ်ထားသည့်လမ်းအား ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ လဟာကလူကျေးရွာအုပ်စု၊ ဆပ်ကွင်းကျေးရွာအုပ်စု၊ ကွင်းယားအရှေ့ကျေးရွာအုပ်စု၊ ထန်းပင်ကျေးရွာအုပ်စု၊ ကျူတန်းကျေးရွာအုပ်စု၊ မိချောင်းတစ်ရာကျေးရွာအုပ်စုတို့ရှိ နွေစပါးစိုက်ဧက ၇၀၀ ခန့်အား အကျိုးပြုနိုင်မည့် သရက်ချောင်း-လဟာကလူ တူးမြောင်းအရှည်(၄ ဒသမ ၅)မိုင် တူးဖော်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များတွင်ပါဝင်သည့် မြို့သာယာလှပရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် အများပြည်သူအကျိုးရှိစေမည့် အချက်အလက်များအပေါ်စိစစ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာချာလီသန်းတို့က တင်ပြချက်များတွင်ပါဝင်သည့် သရက်ချောင်း-လဟာကလူတူးမြောင်း တူးဖော်ခြင်းလုပ်ငန်းအပိုင်း(၁)အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပြီး အပိုင်း(၂)ကို ဦးစားပေးအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးအား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

- **ကန်ကြီးထောင့်ဒေသသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေကြခြင်းဖြစ်၊ ထို့ကြောင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားပေးဆောင်ရွက်သွားကြရမည်**
- **နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝစေရေး ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

တိုးမြှင့်စိုက်ပျိုးသွားရန် အကြံပြုတိုက်တွန်းလိုမှု၊ ဒေသတွင်း စိုက်ပျိုးရေးသီးနှံများပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားစေလိုမှုနှင့် သွင်းအားစု လိုအပ်ချက်များအပေါ် နိုင်ငံတော်မှလည်း စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး)အား နှစ်ရှည်သီးနှံ ဥယျာဉ်ခြံများအတွင်း စိုက်ပျိုးဆောင်ရွက်နိုင်ပြီး လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လယ်ယာမြေများအား ပြဋ္ဌာန်းထားသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုရန်လိုအပ်မှု၊ ကန်ကြီးထောင့်သည် လမ်းပန်းဆက်သွယ်မှုအချက်အချာကျပြီး အုပ်ချုပ်မှုလွယ်ကူသည့် ဒေသတစ်ခုဖြစ်သဖြင့် မြေယာအသုံးချမှုများကို အကျိုးရှိရှိဖြစ်စေလိုမှုနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်ရန်လိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ အတတ်ပညာများရရှိစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကန်ကြီးထောင့်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအား အဆင့်မီထုတ်လုပ်၍ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံနိုင်မှု၊ စက်မှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**အခက်အခဲ၊ အကျပ်အတည်းများ ကျော်လွှားခဲ့ရ**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကန်ကြီးထောင့်ဒေသသို့ မိမိအနေဖြင့် ပထမဆုံးရောက်ရှိခြင်းဖြစ်ကြောင်း၊ မြို့အနေဖြင့်သန့်ရှင်းသပ်ရပ်စွာဖြင့် မြင်တွေ့ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ အစိုးရတစ်ရပ်၏ တာဝန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်ရသည့် အစိုးရအဖွဲ့ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း၊ မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ထမ်းဆောင်ချိန်တွင် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားလျက်ရှိသည့် အချိန်ဖြစ်ပြီး နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုများကြောင့် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့် ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင် စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊ အကျပ်အတည်းများကို ကျော်လွှားခဲ့ရကြောင်း။

အလားတူ နိုင်ငံ့စီးပွား တိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ စတင်တာဝန်ယူချိန်တွင် ပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားရေးတိုးတက်အောင် တတ်နိုင်သလောက် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတွင်နေထိုင်သည့် ပြည်သူများအားလုံး၏ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်မှသာ နေထိုင်မှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုထက် ပိုမိုတိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

**ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး**

ကန်ကြီးထောင့်ဒေသသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို နိုင်ငံတစ်ဝန်းရှိ ခရိုင်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထပ်မံပြီး တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကျောင်းများမှ ဒေသကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရပ်များကို ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝစေရေး ပညာရေးကဏ္ဍမြှင့်တင်ခြင်း လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေသိရှိရန်နှင့် လိုက်နာရန် အရေးကြီးပြီး ဥပဒေဆိုင်ရာ အသိအမြင်များကို နိုင်ငံသားတိုင်း သိရှိနားလည်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ပြင် စီးပွားရေးအသိအမြင်များကိုလည်း နိုင်ငံသားတိုင်း သိရှိနားလည်နေမည်ဆိုပါက တစ်ဦးချင်းစီမှစ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာများရရှိစေရေး တက္ကသိုလ်တိုင်းတွင် ဥပဒေဘွဲ့ BA(Law)၊ စီးပွားရေးဘွဲ့ BA(Eco)များအတွက် သင်ကြားပေးလျက်ရှိကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေတွင် အခြေခံပညာမူလတန်းကို မသင်မနေရစနစ် သတ်မှတ်ထားသော်လည်း ပညာခေတ်ကာလနှင့် ခေတ်ကာလအခြေအနေအရ မိမိတို့အစိုးရလက်ထက်တွင် အခြေခံပညာအလယ်တန်း

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

(KG+9) ပြီးသည်အထိ နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်အောင် စီမံဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုများရှိခဲ့ပြီး ဆက်လက်၍ ထိရောက်ကျယ်ပြန့်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများ တိုးတက်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ပညာတတ်များ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အဆင့်မြင့်ပညာများကိုလည်း သင်ကြားနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားတိုးတက်လာစေရေး အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့၏သားသမီးများ၏ ဘဝတိုးတက်စေရေး၊ မိမိတို့၏ဘဝထက်ပိုမိုတိုးတက်စေရေး ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုကို အထောက်အကူပြုစေရန်နှင့် ဆရာ ဆရာမများအား မဟာဘွဲ့နှင့် အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရေးအတွက် ပညာရေးဒီဂရီကောလိပ်အချို့ကို ပညာရေးတက္ကသိုလ်များအဖြစ် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာအောင်လည်း နေထိုင်စားသောက်ကြစေလိုကြောင်း။

**ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်**

မိမိတို့နိုင်ငံနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက် မပြည့်မီမှုကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိကြောင်း၊ ထို့ကြောင့် တစ်ဧကပန်းတိုင်အထွက်နှုန်းအတိုင်းရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်းပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိသည့် သီးနှံများကိုစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ကန်ကြီးထောင့်မြို့နယ်အတွင်း ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးသည်ဟု သိရှိရပြီး ပေါ်ဆန်းမွှေးဆန်သည် တန်ဖိုးမြင့်သည့် အမျိုးအစားဖြစ်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်ပြီး ကန်ကြီးထောင့်မြို့နယ်အတွင်း ဥစားကြက်၊ ငါး၊ ဘဲ၊ နွားများကို မွေးမြူသည်ဟု သိရှိရကြောင်း၊ နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကို ရရှိနိုင်ကြောင်း၊ ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ကာကွယ်နိုင်သည့် အရိပ်ရပင်များ၊ လေကာပင်များကိုလည်း စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ဒေသအတွင်း ကုန်စည်စီးဆင်းမှုများ ပိုမိုလျင်မြန်စေရေးနှင့် သွားလာမှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီရက်ပိုင်းတွင်လည်း ရွေးကောက်ပွဲအပိုင်း(၂) ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူများ၊ ဒေသ၏ ပညာရေး၊ ကျန်းမာရေးများ ကောင်းမွန်တိုးတက်လာအောင် ဆောင်ရွက်ပေးရန် စိတ်ပါဝင်စားမှုရှိသူများအား ရွေးချယ်၍ ဆန္ဒမဲများပေးကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ ပုသိမ်မြို့ရှိ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက်ကောလိပ်ဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကောလိပ်ရှိ ပညာရတနာခန်းမနှင့် ကောလိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ခန်းမအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ကောလိပ်အတွင်း သန့်ရှင်းသာယာလှပရေး၊ လေဝင်လေထွက်ကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် ပတ်ဝန်းကျင်ဖြစ်စေရေးအတွက် သစ်ပင်ကြီးများအား အောက်ခြေရှင်း အလင်းဖွင့်ခြင်းများ ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများကိုလည်း လိုအပ်သည့် ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်၍ အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကောလိပ်စာကြည့်တိုက်သို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စာကြည့်တိုက်အတွင်း စာအုပ်စာပေများ အမျိုးအစားစုံလင်စွာ ဖြည့်တင်းထားရှိရန်လိုကြောင်း၊ အထူးသဖြင့် သင်ကြားရေး အထောက်အကူပြု စာအုပ်များထားရှိပါက သင်တန်းသားများအတွက် ပိုမိုအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ စာအုပ်စင်များ၊ ဗီရိုများ စနစ်တကျဖြစ်ရန်နှင့် စာအုပ်စာပေများကိုလည်း စနစ်တကျ ထိန်းသိမ်းကိုင်တွယ်အသုံးပြုကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စာကြည့်တိုက် စနစ်တကျဖြစ်စေရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုသိမ်မြို့ပညာရေးဒီဂရီကောလိပ် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသသည့် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ကရင်၊ ချင်းနှင့် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဖတ်ကြားသည်။ *စာမျက်နှာ ၅ သို့*





(၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဖတ်ကြားစဉ်။

*စာမျက်နှာ ၄ မှ*

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၂၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစုများအတွက် MRTV DTH စလောင်းအစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၂၀ ကို လှူဒါန်းရာ တိုင်းမှူးကလည်းကောင်း လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အကျိုးတော်ဆောင်အဖွဲ့ (PCG)၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်၊ ပင်လုံညီလာခံတွင် လက်မှတ်ရေးထိုးခဲ့ကြသည့် မိသားစုဝင်များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များနှင့် မနောအက ဦးဆောင်သည့် နောင်ရှောင် ဆရာကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မနောကွင်း၌ ကျင်းပသည့် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော်ဖွင့်ပွဲကို ရိုးရာအစဉ်အလာနှင့်အညီ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**မနောအက စုပေါင်းဆင်နွှဲ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စုငါးမျိုးနှင့် ဗမာ၊ ကရင်၊ ရခိုင်နှင့် ချင်းတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် မနောအက ဦးဆောင်သူ နောင်ရှောင် (Nau Shawng) များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသသည့် မနောအကကို ရိုးရာအစဉ်အလာနှင့်အညီ အေးချမ်းပျော်ရွှင်စွာ စုပေါင်းပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ဒေသထွက် MSME ပြခန်းများဖြစ်သည့် စိုက်ပျိုးရေးထုတ်ကုန်ပြခန်း၊ ဒေသတွင်းမွေးမြူရေး ထုတ်ကုန်ပြခန်း၊ ဒေသထွက် အသုံးအဆောင်နှင့် အသင့်စား စားသောက်ကုန်ပြခန်း၊ ရိုးရာအဝတ်အထည်ထုတ်ကုန်ပြခန်း၊ တိုင်းရင်းဆေးနှင့် သစ်၊ ဝါး၊ ကြိမ်ထည် ထုတ်ကုန်အသုံးဆောင်ပြခန်း၊ ပယင်းနှင့် ကျောက်မျက် အချောထည်အသုံးဆောင်ပြခန်းတို့ကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။



ထို့နောက် ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင် လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ထူးဆောင်လက်မှတ်ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆုနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆု ပထမဆင့် ရရှိကြသူများအား ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု ရရှိကြသူများ၊ အဆင့်မြင့်ပညာ၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ပေးအပ်ကြပြီး ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသော (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွ သုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ကချင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကချင်ရိုးရာယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

(၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် ယမန်နေ့က တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိခဲ့ကြခြင်းဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များက လေဆိပ်၌ ရင်းနှီးပျူငှာစွာ ကြိုဆိုကြသည်။

**ဂါရဝပြုပေးအပ်**

ထို့နောက် လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့ဝင်များအား ကချင်ရိုးရာအင်္ကျီ၊ ရိုးရာဆောင်ဓား၊ ရိုးရာလွယ်အိတ်နှင့် ခေါင်းပေါင်းတို့ကို ဂါရဝပြုပေးအပ်ခဲ့သည်။

**၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ခြောက်ရက်အကြာ ဇန်နဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက်ကိုယ်တိုင် တက်ရောက်၍ ကချင်ပြည်နယ်ကောင်စီ ညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပကာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည့်အပြင် ထိုသို့ဖွဲ့စည်းခဲ့သည့် ဇန်နဝါရီ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၈)နှစ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်း ပေးအပ်ချီးမြှင့်စဉ်။

# သက်ကြီးသတင်းစာပညာရှင်ကြီးများအား ဒုတိယအကြိမ် ကူညီထောက်ပံ့

**ရန်ကုန် ဇန်နဝါရီ ၁၀**

ခေတ်အဆက်ဆက်တွင် သတင်းစာပညာဖြင့် တိုင်းကျိုးပြည်ပြုထမ်းဆောင်ခဲ့ကြသော သက်ကြီးသတင်းစာ ပညာရှင်ကြီးများအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သည့်ကောင်စီဝင်များက ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ အိမ်တိုင်ရာရောက် ကူညီထောက်ပံ့ပေးကြသည်။

နိုင်ငံပိုင် မီဒီယာများနှင့် ပုဂ္ဂလိကမီဒီယာများတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သတင်းစာပညာရှင်ကြီးများဖြစ်သည့် ဦးဆိုက်ကျင်၊ ဦးမြတ်သူ၊ ဦးစဝ်ကိုင်ဖ၊ ဦးမောင်မောင်အေး (ဥူးအာလောက)၊ ဦးလှထွန်း(တွံတေး)၊ ဦးသန်းအောင် (သန်းအောင်နိုင်)၊ ဦးကိုကိုကြီး (ဟန်ဂေရီ)၊ ဦးစိန်ရွှေ (စိန်ရွှေလှိုင်)၊ ဦးသောင်းမြင့်၊ ဦးလှမြင့်၊ ဦးမြသိန်း (ဗိုလ်မှူး)၊ ဦးဌေးကြည်၊ ဦးမျိုးမြင့်၊ ဦးသန်းလွင် (ဝင်းလွင်အောင်)၊ ဦးမြတ်ဆွေ (ဒေးဒရဲ)၊ ဦးမြတ်စိုး (မြတ်စိုးလှိုင်)၊ ဦးသန်းလွင် (မြင့်သူရ)၊ ဦးလှအေး (ဓာတ်ပုံ)၊ ဦးတင်အောင်၊ ဦးစိုးမြင့် (မော်ကျွန်းစိုးမြင့်) စသည့် သတင်းစာဆရာကြီး ၂၀ တို့ကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်ငါးသိန်းစီနှင့် ဂါရဝပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ကူညီ ထောက်ပံ့နိုင်ရန်အတွက် ဇန်နဝါရီ ၅ ရက် က ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၃၀ နှင့် ဦးကျော်ညွန့်ရည် + ဒေါ်ဝါဝါကျော် မိသားစုက အလှူငွေကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **KMKD**



# လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှတစ်ဆင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ပုံဖော်စို့

**မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မတူကွဲပြားသော ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း သမိုင်းကြောင်းအသီးသီးတို့ ရှိကြသည့်အပြင် လူမှုဘဝနေထိုင်မှုပုံစံ မတူညီသော ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ပါသည်။**

❐ အောင်ကျော်မိုး(ငြိမ်းချမ်းရေး) ❐

အမိပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် လူဦးရေ၏ ၃ ပုံ ၁ ပုံ (၃၃ ရာခိုင်နှုန်း)ခန့်မှာ အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပေရာ လူဦးရေဆုလာဘ် ပိုင်ဆိုင်ထားသည့် နိုင်ငံဟု ဆိုနိုင်ပါသည်။ လူငယ်ဆိုသည်မှာ အလားအလာကောင်းများ ပိုင်ဆိုင်ထားကြသူများဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အဆိုးအကောင်းသည် လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်များအပေါ်တွင် မှီခိုနေပါသည်။ လူငယ်များသည် နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်များဖြစ်သည့် အားလျော်စွာ မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်များ၊ နေရာဒေသနှင့် လူမှုစီးပွားနောက်ခံအမျိုးမျိုးမှ လူငယ်များက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသော အနာဂတ်ကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသော အခန်းကဏ္ဍမှ ပါဝင်လာရန်နှင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် မရှိမဖြစ်အရေးပါသည့် အလျောက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန်မှာ အရေးကြီးလှပါသည်။

> ❝ **နိုင်ငံတည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်ကို ပြပါဆိုလျှင် အမျိုးသားရေးစိတ်ဓာတ်နှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ညွှန်ပြရမည်ဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် နိုင်ငံ့အင်အား လျော့နည်းခဲ့သည့်အတွက် တိုင်းတစ်ပါး၏သိမ်းပိုက်မှုကို ခံခဲ့ရရာ အတိတ်သမိုင်းမှ ကြီးမားသည့် သင်ခန်းစာယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိရောက်သည့် ရလဒ်ရရှိရေးအတွက် ကြိုးစားအားထုတ်မှု၊ ပေးဆပ်မှု၊ အရည်အချင်း၊ ခေါင်းဆောင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ စိတ်ရင်းစေတနာများ လိုအပ်ပြီး ပြည်တွင်းအင်အား တည်ဆောက်ရန်အတွက် ဦးစွာ ပြည်တွင်းအင်အားကို လျော့ကျစေမည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန်နှင့် လျှော့ချရန် လိုအပ်** ❞

အမိနိုင်ငံတော်သည် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းပဋိပက္ခများသည်လည်း ယှဉ်တွဲပေါက်ဖွားလာသည်ဟု ဆိုနိုင်ပါသည်။ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် ပဋိပက္ခများ ရပ်တန့်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသော်လည်း ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသည်သာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝများအတွက် အခြေခံအကျဆုံးဖြစ်ပါသည်။ အထူးသဖြင့် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးမှာ နယ်မြေတည်ငြိမ်အေးချမ်းရေးဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခများကို ရပ်တန့်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ကျေလည်အောင် ဖြေရှင်းကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် **“တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကိုချုပ်ဆိုကာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်း**ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ ဒေသခံတိုင်းရင်းသားများကလည်း လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့ လိုလားချက်များကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ညှိနှိုင်း အဖြေရှာရေး အားပေးဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါသည်။ သို့ဖြစ်၍ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်”ဟု မြွက်ကြားခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ မိန့်ခွန်းပြောကြားချက်များကို ကြည့်ရှုခြင်းအားဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် တစိုက်မတ်မတ် အားသွန်ခွန်စိုက်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အနာဂတ်ကာလတွင် လူငယ်များ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပူးပေါင်းပါဝင်လာစေရန် လမ်းကြောင်းများ ဖော်ထုတ်ပေးရန်လိုအပ်ပြီး မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအသီးသီးမှ လူငယ်များ၊ နေရာဒေသအသီးသီးမှ လူငယ်များ၊ လူမှုရေး၊ စီးပွားရေး နောက်ခံအမျိုးမျိုးမှ လူငယ်များအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ငြိမ်းချမ်းရေးကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသည့် အခန်းကဏ္ဍမှ ပါဝင်လာစေရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အနေဖြင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် – ၂၀၂၆ (Youth Peace Forum–2026)ကို **“ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး” (Promoting Youth Participation in Peace and Nation–Building)** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်ထိ သုံးရက်တာ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

> ❝ **နိုင်ငံတည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် လူငယ်များက ညီညွတ်စွာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်မှသာ ဖြစ်ပေါ်နေသည့် အခက်အခဲများကို ကူညီဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ပဋိပက္ခများကင်းဝေး၍ ငြိမ်းချမ်းသာယာမှုများကြောင့် လူ့လောကနိဗ္ဗာန်ဘုံကဲ့သို့ ခံစားနေရသော နိုင်ငံများကိုကြည့်လျှင် ငြိမ်းချမ်းရေးသည် မည်မျှအရေးကြီးကြောင်း သိမြင်နိုင်ပါသည်။ ကိုယ်ကျိုးစီးပွားများ၊ အတ္တများနှင့် မာန်မာနများကို စွန့်လွှတ်၍ အမှန်တကယ်ငြိမ်းချမ်းရေးအကျိုးကို ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမိုကောင်းမွန်သည့် အနာဂတ်မဝေးတော့သည်ကို တွေ့မြင်ရမည်** ❞

ဖိုရမ်၏ Theme အနေဖြင့် **“ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နိုင်ငံတစ်ဝန်းရှိ လူငယ်များ စုပေါင်းပါဝင်လာစေရန်နှင့် စွမ်းရည်ပြည့်ဝသောခေါင်းဆောင်များ ဖြစ်ပေါ်လာရန်အတွက် ငြိမ်းချမ်းရေးအသိ မြှင့်တင်ပေးရန်”** ဟု သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ရည်ရွယ်ချက်များအနေဖြင့် **“ ငြိမ်းချမ်းရေးနှင့် လူ့အသိုင်းအဝိုင်းတည်ဆောက်ရေးတွင် အားလုံးပါဝင်သည့် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ စိတ်သဘောထားများနှင့်ပတ်သက်ပြီး ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလများတွင် လူငယ်များ၏ လက်တွေ့ကျသည့် အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသည့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့၌ လူငယ်များ၏ စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏ အကြံပြုချက်များ ပေါ်ထွက်လာစေရန်၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်းပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် (Youth Policy Paper) ရေးဆွဲနိုင်ရန်** ဟူ၍ ချမှတ်ထားပါသည်။

နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ အမြင်ကွဲပြားမှုများ၊ မယုံကြည်မှုများ၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစိန်ခေါ်မှု အခြေအနေများ၊ နိုင်ငံတကာမှ စွက်ဖက်ဖိအားပေးမှုများ ရင်ဆိုင်နေရသည့် အခြေအနေတွင် နိုင်ငံတော်တစ်ဝန်းလုံးတွင်ရှိသည့် အလွှာအသီးသီးမှ လူငယ်များအပေါ် နက်ရှိုင်းစွာ သက်ရောက်မှုများရှိနေပြီး ၎င်းတို့၏ လုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာခံစားချက်၊ ယုံကြည်ချက်၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် အနာဂတ်မျှော်လင့်ချက်များအပေါ်တွင်လည်း အတားအဆီး၊ အဟန့်အတားအချို့ ဖြစ်ပေါ်နေပါသည်။

လူငယ်များအတွက် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ၎င်းတို့၏အမြင်များကို မျှဝေရန်၊ အပြန်အလှန် ယုံကြည်မှုများကို ခိုင်မြဲရန်နှင့် လူမှုသဟဇာတ မြှင့်တင်ခြင်းတို့တွင် ၎င်းတို့၏ အခန်းကဏ္ဍအား ရှာဖွေရန် စသည်တို့ကို ရရှိဖြစ်ပေါ်စေမည့် စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်လာစေသော အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေပြီး လူငယ်များ၏ အမြင်များ၊ ဖန်တီးမှုများနှင့် လူငယ်ကွန်ရက်များသည် ဒေသန္တရအဆင့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းရေး မြှင့်တင်ခြင်းတို့တွင် အဖိုးတန်သော ထောက်ပံ့မှုကို ရရှိစေနိုင်မည်ဖြစ်ပါသည်။ လက်ရှိကာလတွင် လူငယ်များပါဝင်မှုအပေါ် အတိမ်းအစောင်းဖြစ်စေနိုင်သော၊ ထိလွယ်ရှလွယ်သော အခြေအနေများမှတစ်ဆင့် အမျိုးသားအဆင့် အားလုံးပါဝင်မှု အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်စေရန်အတွက်လည်း ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။

ဖိုရမ်၏ဆွေးနွေးမှုပုံစံနှင့် ဖွဲ့စည်းတည်ဆောက်မှု (Methodology and Structure)အား သတ်မှတ်ထားရှိပြီး တက်ကြွသည့် ဆွေးနွေးမှုနည်းလမ်းများကို အသုံးပြု၍ တက်ရောက်လာသည့် လူငယ်တိုင်း လွတ်လပ်စွာ ပါဝင်ဆွေးနွေးခွင့် ရရှိမည်ဖြစ်ပါသည်။ အုပ်စုလိုက်ဆွေးနွေးမှု (Group Dicussion) နှင့် စုပေါင်းဆွေးနွေးမှုပုံစံ (Panel Session) ကို အဓိက ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး ဗဟုသုတပြိုင်ပွဲ၊ လျှပ်တစ်ပြက် ဉာဏ်ရည်ပြိုင်ပွဲများကို ပူးတွဲဆောင်ရွက်မည်ဖြစ်ပါသည်။

လူငယ်ကိုယ်စားလှယ် ၃၅၀ အား အဖွဲ့လေးဖွဲ့ခွဲကာ ခေါင်းစဉ်အသီးသီးတို့ဖြင့် ဆွေးနွေးခြင်း၊ ခေါင်းစဉ်တစ်ခုကို စုပေါင်း၍ ဆွေးနွေးခြင်းများ ပြုလုပ်မည်ဖြစ်ပြီး ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအတွက် ငြိမ်းချမ်းသာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရေးတို့တွင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး ဆောင်ရွက်ကြဖို့ လွန်စွာအရေးကြီးပါသည်။

*စာမျက်နှာ ၇ သို့*

## မျိုးဆက်တာဝန် ကျေပွန်စို့

❖ နိုင်ငံသားမှန်၊ ကိုယ့်နိုင်ငံကို
ဝန်းရံစောင့်ရှောက် ရပေမည်။
❖ ဒို့ပြည်ထောင်စု၊ တည်တံ့မှုတွက်
ပေါင်းစုအင်အား၊ စွမ်းပကားဝယ်
နီးကြား တက်ကြွ၊ ကြံ့ဆ ဆန်းသစ်
ခေတ်နှင့် ရှင်သန်၊ အားမာန်လှံ့လ
ပြည့်ဝကြသည့်
မြန်မာ့လူငယ်၊ ဒို့မောင်မယ်ကား
ခန့်ထည်ထွန်းသစ်၊ အင်အားစစ် တည့်။
❖ သူငါမောင်မယ်၊ အမြင်ကျယ်လျက်
နောင်ဝယ်ပြည့်အရေး၊ကြောင့်ကြဝေးအောင်
ဆွေးနွေး လက်ဆုံ၊ တွေ့ကြုံ ဝေမျှ
ဆန္ဒ ဖုံဖုံ၊ ကျိုးကြောင်းစုံကို
ခြုံငုံသုံးသပ်၊ ချင့်ချိန်တတ်စွာ
သင့်မြတ်မှုကို ရှာကြစို့။
❖ တိုင်းရင်းသားချင်း၊ စည်းလုံးခြင်းနှင့်
ရင်းနှီးနွေးထွေး၊ ဆက်ဆံရေးကို
အရေးတယူ၊ အလေးမူလျက်
တူမျှ ယှက်နွယ်၊ အသိကြွယ်စွာ
ရည်ရွယ် တည်ဆောက် ကြပါစို့။
❖ အို… ခေတ်၏ရှေ့ဆောင်၊ လူငယ်မောင်တို့-
မြန်မာ့လူ့ဘောင်၊ ထူထောင်ရာဝယ်
ပညာ ရှိရှိ၊ အသိ မှန်မှန်
အကြံ ဖြောင့်ဖြောင့်၊ အမှောင့် ကင်းကင်း
ချစ်ခင်ခြင်း စည်းလုံးခြင်း
အေးချမ်းခြင်း သာယာခြင်း
ငြိမ်းချမ်းခြင်း တိုးတက်ခြင်း
ကောင်းခြင်းစုံလင်၊ မြတ်ဂုဏ်အင်နှင့်
ဆင်စီး မြင်းရံ၊ တင့်တယ်ရန်တွက်
ရည်သန် အားထုတ် ကြပါစို့၊
မျိုးဆက်တာဝန် ကျေပွန်စို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)ကို ဂုဏ်ပြုပါ၏။

## မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ ဖန်ခါးကုန်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၂၀ တို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအုပ်စု တပ်မတော်အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး)ရှိ ဒေသခံပြည်သူ ၁၅၂ ဦးတို့ကို အဆိုပါ အိမ်ရာရှိ ဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

နိုင်ငံ့ကောင်းကျိုးကိုဆောင်ရွက်ရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်၍ မရနိုင်ဘဲ မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် စုပေါင်းအင်အားနှင့် တက်ညီလက်ညီ ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။

“ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်” ပုံစံမျိုးဖြင့် ဆောင်ရွက်၍ မရနိုင်ပါ။ မျိုးချစ်စိတ်ရှိသူများသည် အများအားဖြင့် မိမိလူမျိုး၊ မိမိဇာတိမြေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးဂုဏ်ယူတတ်ကြပြီး မိမိနိုင်ငံအပေါ်တွင် ကျရောက်လာမည့် အန္တရာယ်များနှင့် နိုင်ငံတိုးတက်ကြီးပွားဖို့ တာဝန်ယူလိုကြသူများလည်း ဖြစ်ပါသည်။ ထို့ကြောင့် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံနှင့် လူမျိုးကိုထိပါက မချိအောင်နာသည့်စိတ် စသည့်အပြုသဘောဆောင်သော အရာတစ်ခုပင် ဖြစ်ပါသည်။

နိုင်ငံတည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်ကို ပြပါဆိုလျှင် အမျိုးသားရေးစိတ်ဓာတ်နှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ညွှန်ပြရမည်ဖြစ်ပါသည်။ မြန်မာ့သမိုင်းတွင် နိုင်ငံ့အင်အားလျော့နည်းခဲ့သည့်အတွက် တိုင်းတစ်ပါး၏သိမ်းပိုက်မှုကို ခံခဲ့ရရာ အတိတ်သမိုင်းမှ ကြီးမားသည့်သင်ခန်းစာယူရမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိရောက်သည့် ရလဒ်ရရှိရေးအတွက် ကြိုးစားအားထုတ်မှု၊ ပေးဆပ်မှု၊ အရည်အချင်း၊ ခေါင်းဆောင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ စိတ်ရင်းစေတနာများ လိုအပ်ပြီး ပြည်တွင်းအင်အား တည်ဆောက်ရန်အတွက် ဦးစွာ ပြည်တွင်းအင်အားကို လျော့ကျစေမည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန်နှင့် လျှော့ချရန် လိုအပ်ပါသည်။

ယနေ့ခေတ် တိုင်းတစ်ပါးနိုင်ငံအချို့သည် လူ့အခွင့်အရေးဆိုသည့် အကြောင်းပြချက်ဖြင့် မိမိနိုင်ငံကို ပြစ်တင်ဝေဖန်နေသော်လည်း ကိုလိုနီလက်အောက်ခံဘဝတွင် မြန်မာများအပေါ် လူ့အခွင့်အရေးချိုးဖောက်ခဲ့မှုများ အလွန်များပြားခဲ့ပါသည်။ သခင်နှင့်ကျွန်လိုနှိမ့်ချပြီး ရည်ရွယ်ချက်ရှိရှိ ဆက်ဆံခဲ့မှု၊ စာသင်ကျောင်းများတွင် ဘာသာစကားကို ချိုးနှိမ်မှု၊ နှစ်ပေါင်းထောင်ချီ သမိုင်းရှိသည့် မြန်မာတို့၏ ဇာတိပုည ဂုဏ်မာနများကို ရိုက်ချိုးရန် မြန်မာ့ရှေးဟောင်းအမွေအနှစ်များကို အမိန့်အာဏာဖြင့် ဖျက်ဆီးခဲ့မှု၊ ယင်းတို့နိုင်ငံက ရှေးဟောင်းအမွေအနှစ်များကို လက်ညှိုးဖြင့်ထိဖို့တောင် ခွင့်မပြုသော်လည်း မြန်မာ့ရှေးဟောင်းအမွေအနှစ်များကို တန်ဖိုးမထားဘဲ ဖျက်ဆီးခဲ့မှုများကို ယနေ့ခေတ်လူငယ်များ ကြည့်တတ်လျှင် မြင်နိုင်ပါသည်။

“ယနေ့လူငယ်…နောင်ဝယ်လူကြီး” ဆိုသည့်စကားအတိုင်း နိုင်ငံ၏ပစ္စုပ္ပန်အတွက် လူငယ်ထုက အရေးကြီးသော သက်ရှိစွမ်းအား အရင်းအမြစ်များ ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့နိုင်ငံ၏ နှစ်ပေါင်းများစွာ ရင်ဆိုင်နေရသည့် ပဋိပက္ခများကြောင့် အလှမ်းဝေးနေရသည့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အေးချမ်းသာယာဝပြောမှုများအတွက် ခံစားသူ သက်သက်မဟုတ်ဘဲ ပူးပေါင်းပါဝင်ဆောင်ရွက်သူများဖြစ်ရန် လိုအပ်ပါသည်။ ယနေ့လူကြီးများ ထုဆစ်ပုံဖော်ထားသော နိုင်ငံတော်၏အကျိုးရလဒ်နှင့် ဆိုးမွေကောင်းမွေများကို နောင်လူငယ်များက ဆက်ခံရမည်ဖြစ်ပါသည်။

အနာဂတ် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်၏တည်ဆောက်မှုတိုင်းတွင် ပါဝင်၍ ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ရှေ့သို့ရောက်အောင် ချီတက်မည်ဆိုပါက နိုင်ငံ့အတွက် အားတစ်ရပ်ဖြစ်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ လူငယ်များအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့် စည်းလုံးညီညွတ်စွာနှင့် ရိုးသားစွာ အခက်အခဲများကို အတူတကွစုပေါင်း၍ ဖြေရှင်းကြရမည်ဖြစ်ပါသည်။

နိုင်ငံတည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် လူငယ်များက ညီညွတ်စွာ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်မှသာ ဖြစ်ပေါ်နေသည့် အခက်အခဲများကို ကူညီဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ပဋိပက္ခများ ကင်းဝေး၍ ငြိမ်းချမ်းသာယာမှုများကြောင့် လူ့လောကနိဗ္ဗာန်ဘုံကဲ့သို့ ခံစားနေရသော နိုင်ငံများကို ကြည့်လျှင် ငြိမ်းချမ်းရေးသည် မည်မျှအရေးကြီးကြောင်း သိမြင်နိုင်ပါသည်။ ကိုယ်ကျိုးစီးပွားများ၊ အတ္တများနှင့် မာန်မာနများကို စွန့်လွှတ်၍ အမှန်တကယ် ငြိမ်းချမ်းရေးအကျိုးကို ဆောင်ရွက်မည်ဆိုပါက ယခုထက်ပိုမိုကောင်းမွန်သည့် အနာဂတ် မဝေးတော့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အနာဂတ်အမိနိုင်ငံတော်တွင် ရောင်စုံပန်းများ ဖူးပွင့်၍ ငြိမ်းချမ်းရေးချိုးငှက်များ တေးသီကာ သာယာလှပစေရေးအတွက် လူငယ်များက ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ရင်း လူငယ်ငြိမ်းချမ်းရေးဖိုရမ် -၂၀၂၆ ကို ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။

# ဝါးခယ်မမြို့နယ် ကျုံမငေးမြို့၌ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပနိုင်ရေး မဲရုံများပြင်ဆင်ထားရှိမှု လှည့်လည်စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မ မြို့နယ် ကျုံမငေးမြို့ နဒီအောင်မြေရပ်ကွက်ရှိ မဲရုံ အမှတ်(၁)သို့သွားရောက်၍ ဇန်နဝါရီ ၁၁ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကျင်းပနိုင်ရေး မဲရုံလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့နယ် ကျွန်းပြဿဒ်ကျေးရွာသို့သွားရောက်၍ ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဖွင့်လှစ်ထားရှိသည့် ကျွန်းပြဿဒ်ကျေးရွာအုပ်စု မဲရုံ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများ ကြေညာထားရှိမှု၊ MEVM မဲပေးစက်များ အခြေအနေနှင့်နေရာချမှု၊ ကြိုတင်မဲပေးမှုနှင့် ပြည်သူများ လာရောက်မဲပေးရာတွင် အဆင်ပြေစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး မဲရုံမှတာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းလှူဒါန်း**

အဆိုပါနေ့ရက်များတွင် ပြည်ထောင်စုဝန်ကြီး သည် ကျုံမငေးမြို့ စက်ရုံမွှာရိပ်သာကျောင်းတိုက်၊ ရွှေသုဿန်ကျောင်း၊ ကျွန်းပြဿဒ်ကျေးရွာ ရွာလယ် ကျောင်းတိုက်၊ မြတ်စွယ်တော်ဈေးကျောင်းပရိယတ္တိ စာသင်တိုက်တို့မှ ကျောင်းထိုင်ဆရာတော်ကြီးများ အား လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုဖြစ်စေရေးနှင့် သုတေသနအခြေခံသည့် သင်ကြားသင်ယူမှုဖြစ်စေရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချောချောစိန် သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မြစ်ကြီးနားတက္ကသိုလ်နှင့် မိုးညှင်း တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက တက္ကသိုလ်အင်္ဂါရပ်နှင့် အညီ အစဉ်အမြဲသန့်ရှင်းသာယာ လှပနေစေရန်အတွက် ကော်မတီ ဖွဲ့စည်းပြီး ပါမောက္ခချုပ်ဦးဆောင်၍ တက္ကသိုလ်သန့်ရှင်းသာယာ ရေးဇုန်များခွဲကာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရပ်ပိုင်း ဆိုင်ရာနှင့်ပတ်သက်၍ တက္ကသိုလ် အသီးသီး၏ ပညာရပ်များသည် ဘာသာရပ်ပေါင်းစုံပါဝင်လျက်ရှိ ကြောင်း၊ ဘာသာရပ်များအနေ ဖြင့် စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုဖြစ်စေရေးနှင့် သုတေသနကို အခြေခံသည့် သင်ကြားသင်ယူမှု ဖြစ်စေရေး အတွက် ပါမောက္ခများ၊ ဆရာ ဆရာမများ အတူတကွ ပူးပေါင်း ဆောင်ရွက်ကြစေ လိုကြောင်း၊ လာမည့် ပညာသင်နှစ်တွင် မိမိတို့တက္ကသိုလ်၌ နိုင်ငံတကာ စာတမ်းဖတ်ပွဲကို လက်ခံကျင်းပ နိုင်ရေးအတွက် သင်ကြားရေးဌာန များနှင့် စီမံဌာနများက ရည်မှန်း ချက်ထား ကြိုးပမ်းဆောင်ရွက်ကြ ရန်၊ တက္ကသိုလ်အားကစား ပြိုင်ပွဲများမှတစ်ဆင့် ထူးချွန် သည့်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ယဉ်ကျေး မှုနှင့်လျော်ညီသည့် အဝတ်အစား များကို ဝတ်စားဆင်ယင်ကြရန် လိုအပ်ကြောင်းပြောကြားပြီး ဆရာ ဆရာမများ၏ မေးမြန်းတင်ပြချက် များအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကာလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် တက္ကသိုလ်အတွင်းရှိ စာသင် ဆောင်များ၊ အားကစားခန်းမနှင့် အားကစားကွင်းများကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# နိုင်ငံတော်ငွေပေးချေမှုစနစ် ကြီးကြပ်မှုကော်မတီ (၁/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ e-ID စနစ်နှင့် SIM–Registration စနစ်တို့ တိုက်ရိုက်ချိတ်ဆက် စိစစ်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာနိုင်ငံ၏ ငွေပေးချေရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေ ရေး မဟာဗျူဟာအဆင့်တွင် ပေါင်းစပ်ညှိနှိုင်း အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် နိုင်ငံတော် ငွေပေးချေမှုစနစ် ကြီးကြပ်မှု ကော်မတီ(၁/၂၀၂၆) အစည်းအဝေး ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (နေပြည်တော်) ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော် ငွေပေးချေမှုစနစ် ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကော်မတီအဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီး ဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီး ဌာန၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေ အကြံဉာဏ်ပေးရေး ဦးစီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင် နှင့် နိုင်ငံသားဦးစီးဌာန၊ ဟိုတယ် နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်း ရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်းများ တက်ရောက် ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟို ဘဏ်ဥက္ကဋ္ဌက ပမာဏကြီးမား သော ငွေပေးချေမှုများ၊ ကတ်ပေး ချေမှုများနှင့် လက်လီငွေပေးချေမှု များအတွက် CBM–NET System၊ MPU နှင့် MyanmarPay (MMQR) စသည့် အခြေခံအဆောက်အအုံ များ တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုများ ပိုမို သုံးစွဲရေးနှင့် သုံးစွဲမှုလွယ်ကူ မြန်ဆန်စေရန်အတွက် ငွေပေးချေ ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို လည်း စနစ်တကျ စိစစ်ခွင့်ပြုပေး လျက်ရှိပါကြောင်း၊ လိုအပ်သည့် စည်းမျဉ်း၊ ညွှန်ကြားချက်များ ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့ ပါကြောင်း။

e–Government စနစ် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များနှင့် ဒစ်ဂျစ်တယ် စီးပွားရေးကော်မတီက ချမှတ် ထားသည့် မြန်မာဒစ်ဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ မဟာဗျူဟာ ပန်းတိုင်များ နှင့် ဟန်ချက်ညီချိတ်ဆက်ပြီး အမျိုးသားငွေပေးချေမှု မဟာ ဗျူဟာ (၂၀၂၆–၂၀၃၀) ရေးဆွဲနိုင် ရေးကိုဆွေးနွေးပြီး အာဆီယံ ဒေသတွင်းနိုင်ငံများနှင့် ချိတ်ဆက် ပေးချေဆောင်ရွက်နိုင်ရေး၊ အစိုးရ ငွေပေးချေမှုများကို အီလက် ထရောနစ် နည်းလမ်းများဖြင့် ဖြစ်နိုင်သမျှ ပြောင်းရွှေ့နိုင်ရေး၊ e –Commerce Platform များနှင့် ငွေပေးချေမှုများ ချိတ်ဆက် ဆောင်ရွက်မှုကို စောင့်ကြည့်နိုင် ရေးနှင့် အခွန်အခများ သတ်မှတ် ချက်နှင့်အညီ ရရှိနိုင်ရေး၊ ငွေသား သုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ် ငွေပေးချေမှုဝန်ဆောင်မှုများ ပိုမို ဆောင်ရွက်နိုင်ရေး၊ ခွင့်ပြုချက် မရှိဘဲ လုပ်ငန်းဆောင်ရွက်နေခြင်း များကို ဥပဒေနှင့်အညီ ကြီးကြပ် ကွပ်ကဲနိုင်ရေး ကိစ္စရပ်များ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါ ကြောင်း။

ဆက်လက်၍ ငွေကြေးခဝါချမှု များနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုများ တားဆီးကာကွယ် နိုင်ရန်အတွက် ဘဏ်စာရင်းများ၊ မိုဘိုင်းငွေကြေး စာရင်းများ၏ အချက်အလက် မှန်ကန်မှုအတွက် e–KYC VMS စနစ်တည်ဆောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ အကောင် အထည်ဖော်ဆောင်နေသည့် e–ID စနစ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင် ရွက်နေသည့် SIM–Registration စနစ်တို့ဖြင့် တိုက်ရိုက်ချိတ်ဆက် ၍ စိစစ်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်ငွေပေး ချေမှုစနစ် ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင် ကိုယ်စားလှယ်များက မိမိတို့၏ဌာနအလိုက် ဒစ်ဂျစ် တယ်စနစ် ပြောင်းလဲအသုံးပြုမှု များ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် နှင့် ချိတ်ဆက်ဆောင်ရွက်နေသော လုပ်ငန်းများတွင် ပိုမိုပါဝင်လာ နိုင်စေရေး ပူးပေါင်းဆောင်ရွက် မည့်ကိစ္စများ၊ အမျိုးသား ငွေပေးချေမှုစနစ် မဟာဗျူဟာ (၂၀၂၆– ၂၀၃၀) ရေးဆွဲရာတွင် ဝန်ကြီးဌာန၊ ဦးစီးဌာနအလိုက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အချက်များကို ဆွေးနွေးတင်ပြ ကြသည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေး ကို ရုပ်သိမ်းလိုက်ကြောင်း သိရ သည်။

**သတင်းစဉ်**

# ရပ်စောက်မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများအားလုံး အဆင်ပြေစွာမဲပေးနိုင်ရေး မဲရုံများကြိုတင်ပြင်ဆင်ထားရှိမှုစစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၁၀**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူအားလုံး ဆန္ဒမဲပေးခွင့်ရရှိနိုင်ရန် ရပ်စောက်မြို့နယ်အတွင်း မဲရုံများဖွင့်လှစ်ထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် ရပ်စောက်မြို့နယ် မြို့ဦး(၁)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ ထီးခမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ပင်ဖြစ်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က မဲရုံများစနစ်တကျရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ပြည်သူများ အေးချမ်းလွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန်၊ မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် အီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်သူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ကောင်းမွန်စွာ သိရှိနားလည်ပြီး တိကျစွာလိုက်နာဆောင်ရွက်ရန်၊ မဲရုံအတွင်း မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေး မဲရုံတာဝန်ကျ ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးကြရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်နိုင်လင်း**



# တောင်သူလိုအပ်ချက်အခြေခံသည့် သုတေသနများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၁၀**
နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ်၌ ဆောင်းသီးနှံ ဟင်းသီးဟင်းရွက် စိုက်ခင်းများ ဖြစ်ထွန်း အောင်မြင်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်က စိုက်ပျိုးရေး တက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနနှင့် မွေးမြူရေးတက္ကသိုလ်မှ ပညာရှင်များက နွယ်ရစ်ကျေးရွာ တောင်သူ ဦးဆန်းမင်း၏ ပန်းမုန်လာစိမ်း စိုက်ခင်းတွင် ကွင်းသရုပ်ပြပွဲ ကျင်းပသည်။



ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး ပညာရှင်များ၊ သုတေသီများအနေဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူ တောင်သူများ ကျင့်သုံးလျက်ရှိသည့် စိုက်ပျိုးနည်းစနစ်များကို လေ့လာမှတ်တမ်းတင်နိုင်ရန်နှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော သွင်းအားစုများဖြစ်သည့် မျိုး၊ ပိုးသတ်ဆေး၊ မြေဩဇာနှင့် ကြုံတွေ့ကြရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဝိုင်းဝန်းကူညီ ဖြေရှင်းပေးနိုင်ရေးအတွက် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအပါအဝင် ဆင်သေချောင်း ဝဲ/ယာ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာနေရာများ ဇုန်သတ်မှတ်၍ ဆောင်ရွက်ရေးနှင့် ဈေးနှုန်းအတက်အကျကို ထိန်းသိမ်းရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ တာရှည်အထားခံရန် ဆိုလာစွမ်းအင်သုံး တောင်သူတစ်နိုင်တစ်ပိုင် အအေးခန်းစနစ် ထွန်းကားလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြစေ လိုကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အနေဖြင့် တောင်သူများ အတူပူးပေါင်းပါဝင်သည့် ဟင်းသီးဟင်းရွက် သုတေသနများ၊ တောင်သူလိုအပ်ချက် အခြေခံသည့် သုတေသနများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဟင်းသီးဟင်းရွက် မျိုးမွေးမြူရေး ပညာရှင်များ ထွက်ပေါ်လာစေရေး ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကွင်းသရုပ်ပြပွဲ တက်ရောက်လာကြသည့် တောင်သူများ၏ လုပ်ငန်းခွင်ဆိုင်ရာ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ နွယ်ရစ်ကျေးရွာ ပတ်ဝန်းကျင်ဒေသသည် ပန်းဂေါ်ဖီ၊ ပန်းမုန်လာဖြူ၊ ပန်းမုန်လာစိမ်း၊ မုန်လာဥဖြူ၊ ဖူးစားပြောင်း အပါအဝင် စားရေရိက္ခာဖူလုံပို့လျှံရေးနှင့် အာဟာရဓာတ်ပြည့်ဝရေး အထောက်အကူပြု တစ်မျှော်တစ်ခေါ် ဟင်းသီးဟင်းရွက် စိုက်ခင်းကြီးများဖြင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တပ်ကုန်းမြို့နယ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း (MRTV)၊ ပုဗ္ဗသီရိမြို့နယ် အမှတ် (၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ သွားရောက်၍စိုက်ပျိုးရေး၊မွေးမြူရေးအထူးပြုဖြင့် Grade-10, Grade-11, Grade-12 တက်ရောက် သင်ယူလျက်ရှိကြသည့် ကျောင်းသားကျောင်းသူများ၊ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများအား လက်ရှိသင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးနည်းစနစ်များနှင့် အနာဂတ်ပညာရေး အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် မွေးမြူရေးတက္ကသိုလ် ပါမောက္ခချုပ်တို့က ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး လယ်ဝေးမြို့နယ်၌ တံတားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၀**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယမန်နေ့က အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကြို့ပင်သာကျေးရွာသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကြို့ပင်သာ-ပေါင်းလောင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ စစ်တောင်းမြစ်ကူး ကွန်ကရစ်တံတားပေ ၆၀၀ ကို ဆက်သွယ်သွားလာမှု မပြတ်တောက်စေရန် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခဲ့မှုများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ပြုပြင်ရန်ကျန်ရှိသည်များ အမြန်ပြုပြင်နိုင်ရေး ကြိုတင်စီမံထားရန်၊ အရည်အသွေးပြည့်မီရေးအတွက် တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးသည် ရုံးပင်ကျေးရွာသို့ သွားရောက်၍ ရုံးပင်-အေးချမ်းသာ စစ်တောင်းမြစ်ကူး ကွန်ကရစ်တံတားပေ ၈၄၀ ငလျင်ဒဏ်ထိခိုက်ပျက်စီးမှုများကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ပြန်လည်ပြုပြင်ခဲ့မှုများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား
ငြိမ်းချမ်းခြင်းသည် အလှတရား

ပြည်ထောင်စုကြီး တိုးတက်ဖို့
ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့

# သင်ယူလိုစိတ်ရယ် ၂၁ ရာစုရယ် စမတ်ဖုန်း AI ရယ်

မောင်မောင်လင်း

"ပထမအရွယ်မှာ ပညာရှာ" ဆိုတဲ့ ဆိုရိုးစကားနဲ့ ကျွန်တော်တို့ ကြီးပြင်းခဲ့ကြရပါတယ်။ ဒါပေမယ့် "ပညာလိုအိုသည်မရှိ" စကားအတိုင်း ပညာရှာဖို့ဆိုတာ အရွယ်နဲ့မဆိုင်ဘူးဆိုတဲ့ သာဓက တစ်ခု ပုဂံခေတ်ကတည်းက ရှိခဲ့ဖူးပါတယ်။ နရသီဟပတေ့မင်းလက်ထက်မှာ အသက် ၆၀ ကျော်မှ ရဟန်းဝတ်ပြီး စာပေကျမ်းဂန်တွေကို အပတ်တကုတ်လေ့လာခဲ့တဲ့ ရဟန်းကြီးတစ်ပါးအကြောင်းပါ။ "ကျည်ပွေ့အတက်ပေါက်ပြီ" ဆိုတဲ့ ဇာတ်လမ်းနဲ့အတူ သူဟာ မကြာခင်မှာပဲ ကျမ်းတတ်တစ်ဆူ ဖြစ်လာခဲ့တာကို ကျွန်တော်တို့ ငယ်ငယ်ကတည်းက သင်ခဲ့ဖူးကြပါတယ်။

> ❒ **၂၁ ရာစု သင်ယူမှုရဲ့ အဓိကရည်မှန်းချက်က အသိပညာ (Knowledge-K)၊ ကျွမ်းကျင်မှု (Skill-S) နှင့် စိတ်ထားခံယူမှု (Attitude-A) ဆိုတဲ့ KSA ကို စုစည်းပေါင်းစပ်ကာ လက်တွေ့အလုပ်လုပ်နိုင်တဲ့ စွမ်းဆောင်ရည်အဖြစ် ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ AI ဟာ အချက်အလက်အများအပြားကို ချက်ချင်းခွဲခြမ်းစိတ်ဖြာပြီး အသိပညာ ဖန်တီးပေးနိုင်ခြင်းနဲ့ အချက်အလက်ရှာဖွေခြင်း (Retrieval)ကို အလိုအလျောက်လုပ်ဆောင်ပေးခြင်းတို့ဖြင့် ထိရောက်မှု (Efficiency)ကို ပိုမိုရရှိစေ**
>
> ❒ **၂၁ ရာစု သင်ယူမှု၊ Knowledge Management (KM)နဲ့ AI နည်းပညာ ပေါင်းစပ်အသုံးချမှုဟာ ပညာရေးအတွက်အလွန်အရေးပါပေမယ့် စိန်ခေါ်မှုတွေကတော့ မရှိမဖြစ်ရှိနေဆဲဖြစ်**
>
> ❒ **ဒီလိုစိန်ခေါ်မှုတွေဟာ မိမိအတွက် တိုးတက်မှုဖြစ်စေမယ့် အခွင့်အလမ်းအဖြစ် ပြန်လည်အသုံးချနိုင်**

အတိတ်ကာလတွေတုန်းကတော့ ပညာခရီးဆိုတာ တကယ်ကို အလှမ်းဝေးလှပါတယ်။ သင်ယူလိုစိတ် ဘယ်လောက်ရှိရှိ ပညာရေးဗဟိုချက်/ သင်တန်းကျောင်းရှိတဲ့ အရပ်ဒေသကို အချိန်တွေ၊ ငွေတွေ အရင်းအနှီးပြုပြီး သွားရောက်သင်ယူခဲ့ကြရတာပါ။ အခြေအနေမပေးလို့ ပညာရေးကို ခရီးလမ်းတစ်ဝက်ကနေ လက်လျှော့လိုက်ရသူတွေလည်း ဒုနဲ့ဒေးရှိခဲ့ဖူးပါတယ်။ ဒါပေမယ့် ၂၁ ရာစုမှာတော့ အဲဒီအခက်အခဲတွေက အသိပညာရယူဖို့အတွက် ကြီးမားတဲ့ အတားအဆီး မဟုတ်တော့ပါဘူး။

### အသိပညာရဲ့ ပုံစံပြောင်းလဲမှုနဲ့ အသိပညာစီမံခန့်ခွဲမှုစနစ် (KM) ဆိုရာဝယ်

အင်တာနက်ပေါ်ပေါက်လာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ အသိပညာ စီမံခန့်ခွဲမှုစနစ် (Knowledge Management – KM)ကို လူအများသုံးစွဲခွင့် ရရှိလာပါတယ်။ ဒီနည်းပညာပြောင်းလဲမှုက လူသားတို့ရဲ့ "အသိပညာ" ကို ရှာဖွေပုံ၊ လက်ခံပုံနဲ့ စီမံခန့်ခွဲပုံတွေကို အကြီးအကျယ် ပြောင်းလဲစေခဲ့ပါတယ်။ အရင်ကတော့ ဆရာသင်တာကို ငြိမ်ငြိမ်လေးနားထောင်၊ မှတ်သားတဲ့ အဆင့်ပါပဲ။ အခုခေတ်မှာတော့ အသိပညာဆိုတာ နေရာတိုင်းမှာ ပြန့်ကျဲနေပြီး ကိုယ်တိုင်လိုက်ရှာ၊ ကိုယ်တိုင်ဆန်းစစ်ရတဲ့ခေတ်ကို ရောက်လာပါပြီ။

ယခင်တုန်းကလို အချက်အလက်တွေကို ခေါင်းထဲထည့်ပြီး အလွတ်ကျက်နေရမယ့်ခေတ် မဟုတ်တော့ပါဘူး။ သတင်းအချက်အလက်တွေက စာတမ်းတွေ၊ ဗီဒီယိုတွေအဖြစ် အင်တာနက်ပေါ်မှာ ပေါများလွန်းလှပါတယ်။ အရေးကြီးတာက အဲဒီ "ဒေတာ" (Data) တွေကို "သတင်းအချက်အလက်" (Information) အဖြစ် ပြောင်းလဲ၊ ပြီးတော့မှ "အသိပညာ" (Knowledge) အဖြစ် အသုံးချပြီး အဲဒီကနေမှတစ်ဆင့် အကောင်းအဆိုး ဝေဖန်ပိုင်းခြားနိုင်တဲ့ "ပညာဉာဏ်" (Wisdom) ဖြစ်အောင် ပြောင်းလဲနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဥပမာပြောရရင် ဟင်းချက်စရာကုန်ကြမ်း (Data) တွေ လက်ထဲရောက်လာပြီဆိုရင် ဒါကို ဟင်းတစ်ခွက်ဖြစ်အောင် ချက်ပြုတ်တတ်ဖို့ (Information)၊ အရသာရှိအောင် စီမံတတ်ဖို့(Knowledge)နဲ့ ဘယ်သူနဲ့တော့ တည့်တယ်၊ မတည့်ဘူး ဆုံးဖြတ်နိုင်ဖို့ (Wisdom) ဆိုတဲ့ အဆင့်ထိ ရောက်အောင်သွားရမယ့် ခေတ်ဖြစ်ပါတယ်။ ဒါဟာ ၂၁ ရာစု သင်ယူမှုစနစ်ရဲ့ အခြေခံဖြစ်ပြီး ဒီလိုလုပ်နိုင်ဖို့ မရှိမဖြစ် လိုအပ်တဲ့ အရည်အချင်းတွေကတော့–

(က) ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်း (Critical Thinking)၊

( ခ ) ပြဿနာဖြေရှင်းခြင်း (Problem Solving)၊

( ဂ ) ကိုယ်တိုင်ဦးဆောင်ပြီး သင်ယူနိုင်ခြင်း (Self–Directed Learning)။

ဒါကြောင့် အသိပညာကို စနစ်တကျစုဆောင်းခြင်း၊ သီးခြားခွဲခြမ်းစိတ်ဖြာခြင်းနဲ့ ပြန်လည် အသုံးချနိုင်ဖို့ စီမံခြင်းဆိုတဲ့ အသိပညာစီမံခန့်ခွဲမှု (KM) ရဲ့ အရေးပါမှုက သိသိသာသာ မြင့်တက်လာပါတယ်။ KM ဟာ စဉ်ဆက်မပြတ်သင်ယူမှုကို တိုးတက်စေဖို့အတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာပြီး အင်တာနက်က Raw Data ကို အသုံးဝင်တဲ့ Information အဖြစ် ပြောင်းလဲပေးတဲ့ လုပ်ငန်းစဉ်ရဲ့လည်ပတ်နှုန်း (Speed) ကိုပါ သိသိသာသာ မြှင့်တင်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

### ၂၁ ရာစု သင်ယူမှု၊ အသိပညာစီမံခန့်ခွဲမှုစနစ် (KM)နဲ့ AI (ဉာဏ်ရည်တု)နည်းပညာဆက်စပ်မှု

၂၁ ရာစု သင်ယူမှုရဲ့ အဓိကရည်မှန်းချက်က အသိပညာ (Know–ledge–K)၊ ကျွမ်းကျင်မှု (Skill–S) နှင့် စိတ်ထားခံယူမှု (Attitude–A) ဆိုတဲ့ KSA ကို စုစည်းပေါင်းစပ်ကာ လက်တွေ့အလုပ်လုပ်နိုင်တဲ့ စွမ်းဆောင်ရည်အဖြစ် ဖော်ဆောင်ပေးခြင်းဖြစ်ပါတယ်။ AI ဟာ အချက်အလက်အများအပြားကို ချက်ချင်း ခွဲခြမ်းစိတ်ဖြာပြီး အသိပညာ ဖန်တီးပေးနိုင်ခြင်းနဲ့ အချက်အလက်ရှာဖွေခြင်း (Retrieval) ကို အလိုအလျောက်လုပ်ဆောင်ပေးခြင်းတို့ဖြင့် ထိရောက်မှု (Efficiency)ကို ပိုမိုရရှိစေပါတယ်။

AI ဟာ ၂၁ ရာစု သင်ယူမှု အယူအဆတွေ ဖြစ်တဲ့ ကိုယ်ပိုင်နှုန်းထားနဲ့ သင်ယူခြင်း (Self–Paced Learning)၊ ပန်းတိုင်အခြေပြုသင်ယူခြင်း (Goal–Oriented Learning)တို့ကို လက်တွေ့အသုံးချနိုင်ဖို့ အဓိကနည်းလမ်းလေးခုနဲ့ ပံ့ပိုးပေးပါတယ်–

(က) **ပုဂ္ဂိုလ်ရေးအရ ချိန်ညှိထားတဲ့ တိကျတဲ့သင်ယူမှု (Personalized & Precise Learning)**။ AI ရဲ့ အဓိကအားသာချက်ကတော့သင်ယူမှုကို အောက်ပါအတိုင်း လူတစ်ဦးချင်းစီရဲ့ လိုအပ်ချက်နဲ့ ထပ်တူကျစေနိုင်ပါတယ်–

(၁) **ကိုယ်ပိုင် AI နည်းပြ (Personal AI Tutor) အဖြစ် အသုံးချနိုင်ခြင်း**။ AI Chatbot သို့မဟုတ် ကိရိယာတွေကို အသုံးပြုခြင်းဖြင့် သင်ယူသူရဲ့ မေးခွန်းတိုင်းကို အချိန်နဲ့တစ်ပြေးညီ ဖြေဆိုပေးနိုင်တဲ့ ၂၄ နာရီပတ်လုံး သင်ယူနိုင်တဲ့ ကိုယ်ပိုင်အကူနည်းပြအဖြစ် အသုံးချနိုင်ခြင်း။

(၂) **တိကျတဲ့ အကြောင်းအရာ ရွေးချယ်ပေးခြင်း**။ သုံးစွဲသူရဲ့ စိတ်ဝင်စားမှု၊ လိုအပ်ချက်နဲ့ ပညာရည်အဆင့်ကိုလိုက်ပြီး သင်ခန်းစာတွေကို ညှိပေးခြင်း၊ ဘာကို၊ ဘယ်လိုပုံစံနဲ့ သင်ယူရမယ်ဆိုတာကို အလိုအလျောက် အကြံပြုပေးနိုင်ခြင်း။

(၃) **အချက်အလက်မှ အသိပညာထုတ်ပေးခြင်း**။ AI က အချက်အလက်(Data)တွေက တိကျတဲ့အသိပညာ (Knowledge) ကို ထုတ်ပေးခြင်းဖြင့် သင်ယူမှု လိုအပ်ချက်နဲ့သင်ယူမှုနည်းလမ်း ထပ်တူကျစေခြင်း။

(ခ) **မိုဘိုင်းနဲ့ အချိန်မရွေး၊ နေရာမရွေး လွယ်ကူစွာသင်ယူနိုင်ခြင်း (Mobile On–the–Go Learning)**။ AI နည်းပညာနဲ့ စမတ်ဖုန်းပေါင်းစပ်မှုက သင်ယူမှုဆိုင်ရာ လက်လှမ်းမီနိုင်မှု (Ease of Access) ကို အမြင့်ဆုံးအထိ ဆောင်ကြဉ်းပေးနိုင်တဲ့ အချက်တွေကတော့–

(၁) **စွမ်းဆောင်ရည်မြင့် ကွန်ပျူတာ မလိုအပ်ခြင်း**။ စမတ်ဖုန်းပိုင်ဆိုင်မှုနှုန်းများပြားတာကြောင့် သုံးစွဲသူအနေနဲ့ စွမ်းဆောင်ရည်မြင့် ကွန်ပျူတာ/လက်ပ်တော့ မလိုအပ်တော့ဘဲ လက်ထဲရှိ ဖုန်းတစ်လုံးတည်းနဲ့ AI ကို အပြည့်အဝ အသုံးပြုကာ လေ့လာသင်ယူမှု မြောက်မြားစွာကို လုပ်ဆောင်နိုင်ခြင်း၊

(၂) **နေရာမရွေး၊ အချိန်မရွေးသင်ယူနိုင်ခြင်း**။ AI က လက်တွဲဖော်အဖြစ် စမတ်ဖုန်းထဲကို ရောက်ရှိလာခြင်းကြောင့် သင်ယူမှုဟာ စာသင်ခန်း သို့မဟုတ် ကွန်ပျူတာထဲမှာသာ ကန့်သတ်မနေတော့ဘဲ ဘယ်နေရာ၊ ဘယ်အချိန်မဆို (On the Go) ဖြစ်လာခြင်း၊

(၃) **နေ့စဉ်သုံး အက်ပ်များမှာ AI ပေါင်းစပ်ပါဝင်မှု**။ AI Chatbot တွေအပြင် Google Translate ၊ မှတ်စုမှတ်တဲ့အက်ပ်ပလီကေးရှင်း(ဥပမာ– Google Keep, OneNote) စတဲ့ နေ့စဉ်သုံးအက်ပ်တွေမှာ AI ပေါင်းစပ်ပါဝင်လာတာကြောင့် သုံးစွဲသူဟာ AI ကို သီးခြားခွဲထုတ်ပြီး သုံးစွဲဖို့မလိုအပ်တော့ဘဲ နေ့စဉ်လုပ်ငန်းဆောင်တာတွေမှာ သဘာဝအတိုင်း ထည့်သွင်းအသုံးပြုနိုင်ခြင်း။

(ဂ) **AI နဲ့ စဉ်ဆက်မပြတ် Micro–learning ပြုလုပ်ပြီး စွမ်းဆောင်ရည် မြှင့်တင်ခြင်း (Continuous Competency Development)**။ KM ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်တဲ့ စဉ်ဆက်မပြတ်သင်ယူမှု (Continuous Learning) နဲ့ လက်တွေ့အသုံးချနိုင်တဲ့ စွမ်းဆောင်ရည် (Applicable Competency) ကို AI က အောက်ပါအတိုင်း ပံ့ပိုးပေးပါတယ်–

(၁) **ရွေ့လျားအချိန်တိုသင်ယူမှု (Micro–learning on the go)**။ ဘတ်စ်ကားစီးရင်း၊ ကော်ဖီသောက်ရင်း စတဲ့ အချိန်တိုလေးတွေအတွင်း အသိပညာအပိုင်းအစလေး (Micro–content)တွေကို ဖုန်းထဲရှိ AI နဲ့ လေ့လာနိုင်ခြင်းဖြင့် အချိန်အားလပ်မှု နည်းပါးသူတွေအတွက် စဉ်ဆက်မပြတ်သင်ယူမှုကို အထောက်အကူပြုခြင်း၊

(၂) **ကိုယ်ပိုင် လက်ကိုင်စာကြည့်တိုက် (Personal Knowledge Library)**။ AI ဟာ သင်ယူရုံသာမက ကိုယ်သင်ယူလိုက်တဲ့ အသိပညာတွေကို စနစ်တကျစုစည်း၊ သိမ်းဆည်းပြီး ပြန်လည်အသုံးပြုနိုင်အောင် ကူညီပေးနိုင်တာကြောင့် Personal Knowledge Library on Your Phone ဖြစ်လာခြင်း၊

(၃) **လက်တွေ့နယ်ပယ်သုံး အသိပညာဖော်ထုတ်သင်ကြားခြင်း**။ ဆုံးဖြတ်ချက်ကို အထောက်အကူပြုတဲ့ အသိပညာ (Decision–Support Knowledge) နဲ့ လက်တွေ့နယ်ပယ်သုံးအသိပညာ (Tacit Knowledge) ကို ဖော်ထုတ်သင်ကြားပေးခြင်းဖြင့် သင်ယူမှုရဲ့ သဘောထား (Attitude) အထိ ပြောင်းလဲစေနိုင်ပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးတက်စေခြင်း။

(ဃ) **ဘက်စုံသုံး မိုဘိုင်းပညာရေးလက်ထောက် (Versatile Mobile Assistant)**။ စမတ်ဖုန်းထဲမှ AI ဟာ သင်ယူသူတွေအတွက် ဘက်စုံသုံးလက်ထောက်အဖြစ် အောက်ပါအတိုင်း တာဝန်ယူနိုင်ပါတယ်–

(၁) **သုတေသနလက်ထောက်**။ AI ကို မေးခွန်းမေးမြန်းခြင်း၊ အချက်အလက်

*စာမျက်နှာ ၁၁ သို့*

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ၂၀၂၆ ခုနှစ် အန္တရာယ်ကင်း အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ တက်ရောက်ကြည်ညို

မော်လမြိုင် ဇန်နဝါရီ ၁၀

**မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အန္တရာယ်ကင်း အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ကျိုက်သလ္လံစေတီတော်ရင်ပြင် ပဋ္ဌာန်းဓမ္မာရုံ၌ကျင်းပရာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်ဧည့်ပရိသတ်များနှင့် ရပ်မိရပ်ဖများ တက်ရောက်သည်။**

ဦးစွာ မွန်ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မော်လမြိုင်မြို့ အဘယသုတာရာမကျောင်း ဆရာတော် ဘဒ္ဒန္တသာသန ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းအိုးများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပိဋ္ဋကတ်တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ က ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်၍ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ရွှေတောင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ထံမှ အနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဆရာတော်သံဃာတော်များဦးဆောင်၍ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သံပြိုင်သုံးကြိမ် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ရန် တိုက်တွန်းလွှာဂါထာကို မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ရွှေတောင်ကျောင်းမှဦးဝိဝေက က ရွတ်ဖတ်ပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သံဃာတော် အရှင်သူမြတ်များ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်နေမှုကို ကြည်ညိုခဲ့ကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ အဆိုပါ အန္တရာယ်ကင်း အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်အထိ (၉) ရက်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# သရက်ခရိုင် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်နှင့် ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေပေးအပ်



**သရက် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာန၏ အကြိမ် (၁၀၀၀) ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်း၊ ဆေးပဒေသာပင် အလှူငွေပေးအပ်ခြင်းနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက သရက်ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး သရက်ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအုပ်စိုးလင်းက ကျောက်ကပ်သွေးသန့်စင်နိုင်ခဲ့ခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆေးပဒေသာပင်နှင့် ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဆေးရုံအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦး၊ ဆေးရုံအုပ် ဒေါက်တာအုပ်စိုးလင်းနှင့် တာဝန်ရှိသူများက အလှူငွေများလက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ ထို့နောက် ဆေးပဒေသာပင်အတွက် ဦးမျိုးဝင်း (မြစကြာမော်တော်ယာဉ် အပိုပစ္စည်းရောင်းဝယ်ရေး) သရက်မြို့က ကျပ်သိန်း ၅၀ နှင့် ကျောက်ကပ်သွေးစန့်စင်ဌာနအတွက် အလှူငွေကျပ် ၂၇ သိန်းကို အလှူရှင် ၁၁ ဦးတို့က စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ရှာဖွေခိုင်းခြင်းတို့ဖြင့် လက်ကိုင်စမတ်ဖုန်းကို ကိုယ်ပိုင်သုတေသနလက်ထောက်တစ်ဦးလို အသုံးပြုနိုင်ခြင်း။

(၂) **မိုဘိုင်း ဘာသာပြန်/ စကားပြန်။** ဘာသာပြန်ခြင်း၊ အနှစ်ချုပ်ခြင်းဖြင့် နိုင်ငံတကာ အရင်းအမြစ်တွေကို လက်လှမ်းမီစေပြီး ဘာသာစကားအတားအဆီးကို ဖြေရှင်းပေးနိုင်ခြင်း။

(၃) **ကိုယ်ရေးလက်ထောက်၊ ဆွေးနွေးဖက်၊ တိုင်ပင်ဖော်။** မှတ်ဉာဏ်အားဖြည့်ခြင်း၊ အစီအမံပြုလုပ်ခြင်းတွေအတွက် ကိုယ်တိုင်ရေးဒိုင်ယာရီအဖြစ် အသုံးချနိုင်သလို မိမိရဲ့ စဉ်းစားတွေးခေါ်မှု မြှင့်တင်ရာမှာလည်း ဆွေးနွေးဖက်၊ တိုင်ပင်ဖော်အဖြစ် အသုံးပြုနိုင်ခြင်း။

**AI ရဲ့ စိန်ခေါ်မှုများမှ အခွင့်အလမ်းဖြစ်လာစေခြင်း**

၂၁ ရာစု သင်ယူမှု၊ Knowledge Management (KM)နဲ့ AI နည်းပညာ ပေါင်းစပ်အသုံးချမှုဟာ ပညာရေးအတွက် အလွန်အရေးပါပေမယ့် စိန်ခေါ်မှုတွေကတော့ မရှိမဖြစ်ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုစိန်ခေါ်မှုတွေဟာ မိမိအတွက်တိုးတက်မှုဖြစ်စေမယ့် အခွင့်အလမ်းအဖြစ် ပြန်လည်အသုံးချနိုင်ပါတယ်–

(က) **နည်းပညာဆိုင်ရာ စိန်ခေါ်မှုများ**

(၁) **AI စိတ်ကူးယဉ်မှု (AI Hallucination) နဲ့ ဘက်လိုက်မှု။** AI က မမှန်ကန်တဲ့ အချက်အလက်တွေ ထုတ်ပေးနိုင်တဲ့အပေါ် ဖြေရှင်းရာကနေ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနဲ့ ရင်းမြစ်တိုက်ဆိုင်စစ်ဆေးမှု ကျွမ်းကျင်မှုတွေ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(၂) **Citation အားနည်းမှု။** ကိုးကားချက် မပြည့်စုံနိုင်တာကို ဖြေရှင်းရာမှ ပညာရေးသမာဓိနဲ့ အချက်အလက်စစ်ဆေးမှုစွမ်းရည်တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(၃) **သတင်းအချက်အလက် လုံခြုံရေး။** ကိုယ်ရေးကိုယ်တာအချက်အလက် စိုးရိမ်စရာရှိလာတာနဲ့အမျှ ဒစ်ဂျစ်တယ် စာတတ်မြောက်မှုနဲ့ ဒေတာကိုကျင့်ဝတ်နဲ့အညီ ကိုင်တွယ်ထိန်းသိမ်းတတ်မှုအရည်အချင်း တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(ခ) **လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများ**

(၁) **ဒစ်ဂျစ်တယ်ကွာဟမှု။** အင်တာနက်မရှိသူတွေ အခက်အခဲရှိတာကနေ အော့ဖ်လိုင်း (Offline)အသုံးပြုလို့ရတဲ့ လူမှုအသိုင်းအဝိုင်း သင်ယူမှုအက်ပ်တွေ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

(၂) **လူအချင်းချင်းဆက်ဆံရေးကျဆင်းမှု။** AI ကို အလွန်အကျွံ မှီခိုနေတာကိုလျှော့ချနိုင်စေဖို့ စုပေါင်းဆောင်ရွက်မှုနဲ့ စာဖတ်ဝိုင်းတွေ တိုးမြှင့်လုပ်ဆောင်လာကြမှာ ဖြစ်ပါတယ်။

(၃) **အလုပ်အကိုင်များ ပြောင်းလဲခြင်း။** AI ကြောင့် အလုပ်အချို့ ပျောက်ကွယ်နိုင်သလိုပဲ အလုပ်အသစ်တွေလည်း ပေါ်ထွက်လာနိုင်ပါတယ်။

(ဂ) **ပညာရေးဆိုင်ရာ စိန်ခေါ်မှုများ**

(၁) **စာကူးချမှု ပြဿနာရှိနိုင်ခြင်း။** AI ကို အိမ်စာအတွက် သုံးနေပေမယ့် ကျင့်ဝတ်စည်းမျဉ်းချမှတ်ထားတာနဲ့အညီ လိုက်နာလုပ်ဆောင်စေမှု တိုးတက်နိုင်ပါမယ်။

(၂) **တွေးခေါ်မှု လျော့ပါးခြင်း။** အဖြေကို AI မှ ထုတ်ယူတယ်ဆိုပေမယ့်လည်း အမှား/အမှန် ဝေခွဲတတ်မှု အလေ့အထ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

(၃) **စစ်ထုတ်ခံပူဖောင်းနဲ့ ပဲ့တင်သံခန်းဖြစ်ပေါ်ခြင်း။** AI Algorithm က သုံးစွဲသူရဲ့ စိတ်ဝင်စားမှုကိုသာ အခြေခံပြီး အချက်အလက်စစ်ထုတ်ပေးတာမျိုးကြောင့် သုံးစွဲသူဟာ မတူညီတဲ့အမြင်တွေကို မတွေ့နိုင်တဲ့ အခက်အခဲရှိနိုင်ပေမယ့်လည်း အမြင်ကျယ်ကျယ်နဲ့ လေ့လာတတ်မှု၊ အရင်းအမြစ်များစွာကို အသုံးချတတ်မှု တိုးတက်နိုင်မှာ ဖြစ်ပါတယ်။

**ကျော်လွှားနိုင်မယ့် နည်းလမ်းများ**

(က) **သံသယစိတ်ထား မွေးမြူခြင်း (Cultivating a Skeptical Mindset)။** AI ထုတ်ပေးတဲ့ အချက်အလက်ကို အမြဲတမ်းစစ်ဆေးပြီး "Why" နဲ့ "How" မေးခွန်းတွေ အသုံးချခြင်းဖြင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု (Critical Thinking) ကို တိုးတက်စေပါတယ်။

(ခ) **ကျင့်ဝတ်နဲ့ တာဝန်ယူမှုရှိတဲ့ အသုံးပြုခြင်း (Ethical & Responsible Use)။** AI ကို မူကြမ်း (Draft) အတွက်သာ အသုံးချပြီး ကိုယ်ပိုင်အသံ (Personal Voice) နဲ့ မူရင်းဖန်တီးမှု (Originality) ထည့်သွင်းသင့်ပါတယ်။ Sensitive Data မထည့်ခြင်းက Data Privacy ကို ထိန်းသိမ်းနိုင်စေပြီး Digital Citizenship ကို တိုးတက်စေပါတယ်။

(ဂ) **ကျွမ်းကျင်မှုအသစ်များ တည်ဆောက်ခြင်း (Building New Skills)။** AI ကို ထိရောက်စွာအသုံးချနိုင်ဖို့ ကောင်းမွန်တဲ့ မေးခွန်း (Effective Prompts) ရေးသားတတ်ခြင်းဟာ Digital Literacy ရဲ့ အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်။

(ဃ) **၂၁ ရာစု ကျွမ်းကျင်မှုမူဘောင်နဲ့အညီ အနုစားကျွမ်းကျင်မှု (Soft Skills) မြှင့်တင်ခြင်း။** AI ကို အသုံးချတဲ့အခါ စာနာထောက်ထားတတ်မှု၊ လူအချင်းချင်း ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ ခေါင်းဆောင်မှုစွမ်းရည်တွေကို တိုးတက်အောင် လေ့ကျင့်သင့်ပါတယ်။

ခြုံပြီးပြောရရင် AI နည်းပညာဟာ ပညာရေးအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပေမယ့် စိန်ခေါ်မှုတွေလည်း ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် စိန်ခေါ်မှုတိုင်းကို အပြုသဘောနဲ့ချဉ်းကပ်ပြီး အခွင့်အလမ်းအဖြစ် ပြန်လည်အသုံးချနိုင်ပါတယ်။ ဒါကြောင့် AI ကို သင်ယူမှုအတွက် အကျိုးရှိအောင်၊ တာဝန်ယူမှုရှိအောင် အသုံးချတဲ့အခါ ၂၁ ရာစုသင်ယူမှုရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ သင်ယူမှုမှလက်တွေ့အလုပ်လုပ်နိုင်တဲ့ စွမ်းဆောင်ရည်(Competence)ကို ပြောင်းလဲရာမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၂၁ ရာစု ပညာရေးခရီးဟာ အသိပညာရယူခြင်းထက် စီမံခန့်ခွဲနိုင်မှု၊ လက်တွေ့အသုံးချနိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုအပေါ် ပိုမိုအာရုံစိုက်လာပါတယ်။ ဒီခရီးလမ်းမှာ စမတ်ဖုန်းနဲ့ AI ဟာ အင်အားကြီးမားတဲ့ မိတ်ဖက်များအဖြစ်ပါဝင်နေပြီး ဒစ်ဂျစ်တယ်နည်းပညာကြောင့် မြို့ပြ၊ ကျေးလက်မခွဲဘဲ ကမ္ဘာ့အဆင့်မီပညာရပ်တွေကို လွယ်ကူစွာလေ့လာနိုင်မှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်ကတော့ ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု(Critical Thinking)နဲ့ ကျင့်ဝတ်နဲ့အညီအသုံးချမှု (Ethical Use) ကို အခြေခံပြီး AI ကို အသုံးချနိုင်ဖို့ ဖြစ်ပါတယ်။ ပညာရေးခရီးမှာ AI ကို အထောက်အကူအဖြစ်သာ အသုံးချသင့်ပြီး ပညာရဲ့တန်ဖိုးကို အမှန်တကယ်ဖန်တီးနိုင်သူကတော့ လူသားပဲ ဖြစ်ပါတယ်။ ဒါကြောင့် သင်ယူလိုစိတ်ရှိသူတိုင်း မိမိလက်ထဲရှိ စမတ်ဖုန်းကို တာဝန်ယူမှုရှိစွာ အသုံးချကြဖို့ တိုက်တွန်းရေးသား လိုက်ရပါတယ်။ ။

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသစ်ဖွင့်ပွဲ တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၁၀**

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးသစ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ပြည်နယ်/မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းများသည် မြို့များ အမြန်ဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော ရည်မှန်းချက်နှင့်အညီ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဝန်ဆောင်မှုပေးရသည့် မွန်မြတ်သည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူများအတွက် စည်ပင်သာယာရေးနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုကိစ္စရပ်များကို ယခင်ကထက် ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးရန်နှင့် ပြည်သူ့အကျိုးကို အစဉ်သယ်ပိုးနိုင်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးသစ်ကို ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အဆောက်အအုံ တည်ဆောက်ခဲ့သော ထက်မြတ်ပိုင်ထူးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြည်နယ်အမှုဆောင်အရာရှိထံသို့ လုပ်ငန်းလွှဲပြောင်းအပ်နှံပြီး မြို့နယ်အမှုဆောင်အရာရှိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အထက(၅) ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့က တီးမှုတ်ကပြဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ရုံးသစ်ကို လှည့်လည်ကြည့်ရှုကြပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားသည်။

လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသည် အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့၍ ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများ ရပ်နားခဲ့ရပြီး ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၈၂၀ ဒသမ ၇၁ သန်းဖြင့် အာရ်စီနှစ်ထပ် အဆောက်အအုံသစ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့(၃/၂၀၂၅ - ၂၀၂၆) ကြိမ်မြောက်စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၀**





ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၃/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ်(၄၆) အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ လုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေအစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ ပိုမိုထုတ်ချေးနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဘဏ်နှစ်ဘဏ်သာမက ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်ကိုလည်း PFI ဘဏ်များအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ PFI ဘဏ်များအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေ ပိုမိုမြန်ဆန်စွာထုတ်ချေးနိုင်ရေးဆောင်ရွက်ကြရန်၊ မိမိတို့ထုတ်ချေးပေးထားသည့် ချေးငွေများ ထိရောက်စွာအသုံးပြုမှုရှိ၊ မရှိကိုလည်း စဉ်ဆက်မပြတ်စစ်ဆေး သုံးသပ်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းရှင်များက ပြန်လည်ပေးသွင်းရန် အချိန်စေ့ရောက်သည့် ချေးငွေအရင်း၊ အတိုးများကို ပုံမှန်ပေးဆပ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးမှုနှင့် အချိန်စေ့ငွေများကို ပြန်လည်ကောက်ခံရရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် စစ်ပင်ဆိပ်ယာယီချောင်းပိတ်မြေသားတမံ ဆောင်ရွက်ထားရှိမှုနှင့် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေနေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့နယ် စစ်ပင်ဆိပ်ကျေးရွာအနီး ပဲခူးမြစ်ခွဲ စစ်ပင်ဆိပ်ချောင်းပေါ်၌ ဆောင်ရွက်ထားသော ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များသို့ နှစ်စဉ်နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်ထားသည့် စစ်ပင်ဆိပ်ယာယီချောင်းပိတ် မြေသားတမံ ဆောင်ရွက်ထားရှိမှုနှင့် ရေရှည်အတွက် ရေတံခါးတည်ဆောက်ရန် လျာထားနေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နွေစပါးချောင်းပိတ်ယာယီမြေသားတမံ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြေသားချောင်းပိတ်တမံနေရာတွင် အခိုင်အမာ ရေတံခါးတည်ဆောက်ရန် လျာထားမှု အခြေအနေများနှင့် ဒီဇိုင်းပုံစံရေးဆွဲပြီးစီးမှု အခြေအနေများ၊ ပဲခူးမြို့နယ် ဇောင်းတူရေလွှဲဆည်မှ မိုးယွန်းကြီးရေလှောင်ကန်၊ ပဲခူးစစ်တောင်းတူးမြောင်းမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူး၊ ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်များရှိ နွေစပါးစိုက်ဧက ၅၄၈၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ရေပေးဝေမှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လျာထားစိုက်ဧကများ အချိန်မီ ရေပေးဝေနိုင်ရေး၊ ဒီဇိုင်းပုံစံများ အသေးစိတ်ရေးဆွဲပြီး ရေရှည်အတွက်အကျိုးရှိနိုင်မည့် ရေတံခါးတည်ဆောက်နိုင်ရေး၊ အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နွေစပါးချောင်းပိတ် ယာယီမြေသားတမံကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ လဂွမ်းပြင်ဆည်ရေသောက်စနစ်အတွင်း နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လျာထားစိုက်ဧက အပြည့်အဝရေပေးဝေနိုင်ရေး ဆွေးနွေးမှာကြားသည်။ အလားတူ ငမိုးရိပ် ဆည်ရေသောက်စနစ်အတွင်း နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများ၊ အောင်နိုင်တိုးစပါး မျိုးသန့်စိုက်ခင်း ၁၆ ဧကနှင့် လက်ဆွဲမျိုးစေ့ချ ကိရိယာများ အသုံးပြု၍ နွေစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးပြီး အောင်နိုင်တိုးစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လက်ဆွဲမျိုးစေ့ချ ကိရိယာ ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရေးညှိနှိုင်းဆွေးနွေးသည်။

လဂွမ်းပြင် ဆည်ရေသောက်စနစ်အနေဖြင့် နွေစပါး ၄၈၅၂ ဧက၊ အခြားနွေသီးနှံ ၅၂၆ ဧက စုစုပေါင်း ၅၃၇၈ ဧက လျာထားစိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး အလားတူ ငမိုးရိပ်ဆည်ရေသောက်စနစ်အနေဖြင့်လည်း နွေစပါး ၂၂၁၃၃ ဧက၊ အခြားနွေသီးနှံ ၈၄၃၄ ဧက စုစုပေါင်း ၃၀၅၆၇ ဧက လျာထားစိုက်ပျိုး ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉) အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဦးစီးမှူးများနှင့်တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ လူငယ်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနား တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များနှင့် အုပ်ချုပ်သူများကို သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက တည်းခိုရာစုရပ်၌ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လူငယ်အဖွဲ့များအား လူငယ်ငြိမ်းချမ်းရေးဖိုရမ် အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း နေပြည်တော် အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ရှိ အားကစားကွင်းအတွင်း ဘောလုံးကွင်း ဖောက်လုပ်နေမှု၊ ခြံစည်းရိုးအုတ်တံတိုင်းကာရံနေမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ VIP မှန်ခန်းအထူးတန်းပွဲကြည့်စင်၊ ဘောလုံးကွင်း၊ အားကစားရုံ (C)နှင့် ရေကူးကန်ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဥတ္တရသီရိမြို့နယ်ရှိ အားကစားကွင်းအတွင်း ဘောလုံးကွင်းဖောက်လုပ်နေမှု၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပွဲကြည့်စင် တည်ဆောက်မည့် မြေနေရာနှင့်ရေဂါလန် ၈၀၀၀၀ ဆံ့ (Ground Water Tank) တူးဖော်မည့် မြေနေရာတို့ကိုကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ခေတ်လှေကားပြန်လည်ပြုပြင်ပြီးစီးမှု၊ VIP အခန်းအထူးတန်းပွဲကြည့်စင်မှန်များ တပ်ဆင်ပြီးစီးမှုနှင့် ဘောလုံးကွင်းမီတာ ၄၀၀ Synthetic ပြေးလမ်းခင်းနေမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) မျက်နှာစာရှိ ကားပတ်လမ်း ပြန်လည်ခင်းကျင်းနေမှုနှင့် ရုံအတွင်း ပြင်ဆင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်၊ ဒိုင်ဗင်ကန်အောက်ခံကြမ်းခင်းနှင့် ဘေးပတ်လည် ကြွေပြားအသစ် ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဒက္ခိဏသီရိမြို့နယ် အားကစားကွင်းအတွင်း ဘောလုံးကွင်းအကြမ်း ဖောက်လုပ်နေမှု၊ မြေသားပြေးလမ်းခင်းကျင်းရန်အတွက် ကွင်းမြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေဂါလန် ၈၀၀၀၀ ဆံ့(Ground Water Tank) တူးဖော်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီးသုံးစွဲမှု အဆင်ပြေစေရေးအတွက် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျ သွယ်တန်းထားရှိရေး၊ အားကစားကွင်း၊ အားကစားရုံများတွင် ပြည်သူများ လာရောက်လေ့ကျင့်နိုင်စေရေး အတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောက်ဖြူမှ*

လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော် (ရေ)မှ စစ်ရေယာဉ်တစ်စင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်းတို့သည် ဇောတိကရေနံစင်၏ အထောက်အကူပြုရေယာဉ်များနှင့် ပူးပေါင်းပြီး သွားရောက်၍ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ခဲ့ရာ အဆိုပါလှေပေါ်၌ လိုက်ပါလာသူများအနက် ၈၆ ဦးတို့ကို စစ်ရေယာဉ်ပေါ်သို့ ကူညီကယ်ဆယ်နိုင်ခဲ့ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါရေဝင်နစ်မြုပ်ခဲ့သည့် လှေပေါ်မှ ကူညီကယ်ဆယ်ထားရှိသူများအား သက်ဆိုင်ရာသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပို့ဆောင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည့် စိစစ်ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ စနစ်တကျ စောင့်ရှောက်ထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။

❈ *ကျောဖုံးမှ*

မော်ရိုကိုအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ၂၅ ပွဲဆက် မရှုံးနိမ့်အောင် ကစားထားနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့သည်။

အိမ်ရှင်မော်ရိုကိုအသင်းသည် ပွဲအစပိုင်းကတည်းက ကင်မရွန်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ထို့အပြင် ထိုးဖောက်တိုက်စစ်ဆင်မှုနှင့် ဂိုးရရှိရန် အခွင့်အရေး ဖန်တီးမှုပိုင်းတွင်လည်း မော်ရိုကိုအသင်းက သာလွန်ခဲ့ပြီး ပြိုင်ဘက် ကင်မရွန်းအသင်းက ခံစစ်အားပြုကာ ရံဖန်ရံခါမှသာ တုံ့ပြန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

မော်ရိုကိုအသင်းကစားသမား ဘရာဟင်ဒီယက်ဇ် ခြေစွမ်းပြသနိုင်ခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ယခု သွင်းဂိုးကြောင့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် သွင်းဂိုးငါးဂိုးရရှိလာပြီ ဖြစ်သည်။ အာဖရိကနိုင်ငံများ ဖလားကို ငါးကြိမ်ဆွတ်ခူး ရရှိထားသော ကင်မရွန်းအသင်းသည် မော်ရိုကိုအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ဆီမီးဖိုင်နယ် တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

မော်ရိုကို အသင်းသည် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အယ်ဂျီးရီးယားနှင့် နိုင်ဂျီးရီးယားအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဂါဇာငြိမ်းချမ်းရေးအစီအစဉ် အခက်အခဲ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရ

**ဂါဇာ ဇန်နဝါရီ ၁၀**

အမေရိကန်က ကြားဝင်ပြုလုပ်ပေးထားသည့် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး အသက်ဝင်လာသည်မှာ သုံးလကြာမြင့်ပြီဖြစ်သော်လည်း ဒုတိယအဆင့်သဘောတူညီမှုကို အကောင်အထည်ဖော်ရန်မှာ မရေမရာဖြစ်နေကြောင်း သိရသည်။

ဟားမားစ်တို့သည် နောက်ဆုံးကျန်ရစ်နေသည့် ဓားစာခံများကို ပြန်လည်လွှဲပြောင်းပေးခြင်းမပြုရသေးကြောင်း၊ The Times of Israel သတင်းစာတွင် ဇန်နဝါရီ ၇ ရက်က ဖော်ပြထားသောအကြောင်းအရာ၌ စိတ်ရှည်သည်းခံမှုများမှာ တဖြည်းဖြည်းနည်းပါးလာပြီဟု ဖော်ပြထားသည်။

အမေရိကန်သည် နောက်ဆုံးကျစ်ရစ်နေသည့် ဓားစာခံများ၏ရုပ်အလောင်းကို ပြန်လည်ရရှိလိုပြီး ဟားမားစ်တို့ကို လက်နက်စွန့်လွှတ်စေလိုသည်ဟု အမေရိကန်အရာရှိတစ်ဦးနှင့် သတင်းအရင်းအမြစ်များက ပြောသည်။ သို့သော်လည်း ဒုတိယအဆင့်အတွက် ပြင်ဆင်ထားခြင်းမရှိသေးကြောင်း၊ ဒုတိယအဆင့်တွင် ဂါဇာဒေသ၌ နိုင်ငံတကာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားရန် အစီအစဉ်ပါဝင်ကြောင်း၊ သို့သော်လည်း မည်သူတို့ပါဝင်မည်ကို မသိရသေးကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာဒေသ၌ ဟားမားစ်တို့က သဘောတူညီမှုကိုချိုးဖောက်သည်ဟုဆိုကာ တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ဂါဇာဒေသသည် အကူအညီများ ဆိုးဆိုးရွားရွား ပြတ်တောက်မှုနှင့် တွေ့ကြုံနေရသည်။ ကုလသမဂ္ဂ အေဂျင်စီနှင့် အခြားသောအုပ်စုများက ဂါဇာဒေသ၌ စားနပ်ရိက္ခာရှားပါးမှုဘေးမှ ရှောင်လွှဲနိုင်ပြီဟု မကြာသေးမီအချိန်အတွင်းက ကြေညာခဲ့သည်။ သို့သော်လည်း လူအများစုမှာ စားနပ်ရိက္ခာရှားပါးမှုနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် ဆာလာအယ်ဒင်လမ်းပေါ်တွင် ထောင်နှင့်ချီသည့် ပါလက်စတိုင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။



## ဆူဒန်နိုင်ငံ၌ လူပေါင်း ၂၁ သန်းကျော် ဆိုးရွားသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေရဟုဆို

**ဂျီနီဗာ ဇန်နဝါရီ ၁၀**

ဆူဒန်နိုင်ငံ၌ ဇန်နဝါရီ ၉ ရက်က ပဋိပက္ခ စတင်ဖြစ်ပွားပြီးနောက် ရက်ပေါင်း ၁၀၀၀ ပြည့်မြောက်သည့်နေ့ဖြစ်ပြီး လတ်တလောတွင် လူပေါင်း ၂၁ သန်းကျော်မှာ ဆိုးရွားသော စားနပ်ရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေကြရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ လာကီက ပြောသည်။

လက်ရှိတွင် ဆူဒန်နိုင်ငံ၌ လူပေါင်း ၃၄ သန်းခန့်မှာ လူသားချင်းစာနာမှု အကူအညီများ လိုအပ်လျက်ရှိကြောင်း၊ ပဋိပက္ခဖြစ်ပွားမှုများ၏ အကျိုးဆက်များကို ဘေးပတ်ဝန်းကျင်ဒေသများအထိ ကူးစက်ရိုက်ခတ်လျက်ရှိကြောင်း ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် လာကီက ပြောသည်။

ဆူဒန်နိုင်ငံသည် နိုင်ငံအတွင်း ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်သူ ၉ ဒသမ ၃ သန်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ လူပေါင်း ၄ ဒသမ ၃ သန်းကျော် နယ်စပ်ဖြတ်ကျော်ထွက်ပြေးတိမ်းရှောင်နေကြရသည်ဟု ဆိုသည်။

အယ်ဖာချာနှင့် ကာဒူဂလီဒေသများမှာ စားနပ်ရိက္ခာရှားပါးမှုဘေးနှင့် ကြုံတွေ့နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အတည်ပြုထားသည်။ ထို့အပြင် အခြားဒေသ ၂၀ ထက်မနည်းမှာလည်း အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံ၌ ၂၀၂၆ ခုနှစ်အတွင်း ပထမဆုံး ပိုလီယိုကင်းစင်ရေး လှုပ်ရှားမှုအဖြစ် ကလေး ၄၅ သန်းကျော် ကာကွယ်ဆေးတိုက်ကျွေးမည်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၀**

ပါကစ္စတန်နိုင်ငံသည် ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိပြုလုပ်ရန် စီစဉ်ထားသည့် ၂၀၂၆ ခုနှစ် နိုင်ငံတစ်ဝန်း ပထမဆုံးပိုလီယိုရောဂါ ကင်းစင်ရေးလှုပ်ရှားမှုအဖြစ် ကလေး ၄၅ သန်းကျော်ကို ကာကွယ် ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ကာကွယ်ဆေးတိုက်ကျွေးရေးအဖွဲ့က အသက်ငါးနှစ်အောက်ကလေးများကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေး နိုင်ငံတစ်ဝန်း ရက်သတ္တပတ်ကြာလှုပ်ရှားမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံ၏ အရေးပေါ်လုပ်ငန်းဆောင်ရွက်ရေးစင်တာက ပြောကြားသည်။

ကာကွယ်ဆေးတိုက်ကျွေးရေး လှုပ်ရှားမှုကို ပိုလီယိုဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုမှကာကွယ်ရန် နယ်စပ်ဖြတ်ကျော်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါကစ္စတန်နှင့် အိမ်နီးချင်း အာဖဂန်နစ္စတန်တို့၌ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါလှုပ်ရှားမှုတွင် နိုင်ငံတစ်ဝန်း အိမ်တိုင်ရာရောက် ကာကွယ်ဆေးတိုက်ကျွေးရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမား လေးသိန်းကျော်က ပါဝင်သွားမည်ဖြစ်ကြောင်း စင်တာက ပြောကြားသည်။

ဆင်ဟွာ



ပါကစ္စတန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုကို တွေ့ရစဉ်။

## တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း၌ တောမီးလောင်မှု ထိန်းချုပ်နိုင်ပြီ ဆီးနှင်းများထူထပ်စွာကျဆင်းမှုက တောမီးပျံ့နှံ့မှုကို ဟန့်တားရာတွင် အထောက်အကူဖြစ်

**ဆိုးလ် ဇန်နဝါရီ ၁၀**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ယူအီဆေးအွန်ဒေသ၌ တောမီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးနာရီအတွင်း မီးလောင်မှုဖြစ်ပွားသည့် နေရာအများအပြားကို ထိန်းချုပ်နိုင်ပြီဟု ယွန်ဟပ်သတင်းအေဂျင်စီက ဇန်နဝါရီ ၁၀ ရက်တွင် ဖော်ပြထားသည်။

ညနေခြောက်နာရီ ဝန်းကျင်တွင် အဓိကလောင်နေသည့် တောမီးကို ငြိမ်းသတ်နိုင်ခဲ့သည်ဟု ယူအီဆေးအွန်ဒေသမြို့တော်ဝန်ဖြစ်သူ ကင်ဂျူဆုက ပြောသည်။ ဇန်နဝါရီ ၁၀ ရက် ညနေ ၄နာရီခွဲအထိ မြေဟက်တာ ၅၉ ဟက်တာခန့် တောမီးလောင်ခဲ့သည်ဟု သိရသည်။

အနီးဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံများအတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ခဲ့ပြီး အားကစားရုံတစ်ရုံအပါအဝင် ရပ်ရွာအဆောက်အအုံများတွင် ခိုလှုံနေထိုင်ကြရန် ညွှန်ကြားခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ယူအီဆေးအွန်ဒေသရှိ တောင်တစ်လုံးပေါ်တွင် ညနေ ၃ နာရီ ၁၄ မိနစ်က တောမီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယား သစ်တောဌာနက Level-2 တောမီးအဖြစ် သတ်မှတ်ခဲ့သည်။

မီးသတ်သမားပေါင်း ၃၀၀ ကျော် မီးသတ်ကားအစီး ၅၀ နှင့် ရဟတ်ယာဉ် ၁၀ စင်း အသင့်ပြုလုပ်၍ ဒေသခံများနေထိုင်ရာ နေရာသို့ တောမီးပျံ့နှံ့လာခြင်း မရှိစေရန် ဆောင်ရွက်ခဲ့သည်။ တောမီးလောင်ရခြင်းအကြောင်းရင်းကိုစုံစမ်းဆဲဖြစ်ပြီး သေကျေပျက်စီးမှုမရှိစေရေး ရရှိနိုင်သမျှ အရင်းအမြစ်များကို အသုံးပြုသွားမည်ဟု သစ်တောအာဏာပိုင်များက ပြောသည်။

ဇန်နဝါရီ ၁၀ ရက်မွန်းလွဲပိုင်းက အဆိုပါဒေသ၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့်လည်း တောမီးပျံ့နှံ့မှုကို ဟန့်တားရာတွင် အထောက်အကူဖြစ်စေခဲ့သည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ ၂၀၂၆ ခုနှစ် ပထမကိုးရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၁၀၀ ကျော်ရှိ

**ကိုလံဘို ဇန်နဝါရီ ၁၀**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၆ ခုနှစ် ပထမကိုးရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၁၇၀ ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မြင့်မားသည့် အခြေအနေကို ဆေးဘက်ဆိုင်ရာအရာရှိများက ကျန်းမာရေးဌာနခွဲ ၄၁ ခုတွင် ဖော်ထုတ်နိုင်ခဲ့ကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးထိန်းချုပ်ရေးဌာန၏ ဆေးဘက်ဆိုင်ရာ ပါရဂူပရာရှီလာဆာမာရာဝီရာက ပြောကြားသည်။

ကျန်းမာရေးအဖွဲ့များက အဆိုပါဒေသအတွင်း ခြင်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၀၀၀၀ ကျော်ရှိကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

# ခရမ်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ခရမ်း ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား လူငယ်ရေးရာ ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ခရမ်းမြို့ ကမာမတ်ကျေးရွာ အထက (ကမာမတ်) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့် ဖွင့်လှစ်ပေးပြီး အထက (ကမာမတ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုး



မော်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး လူငယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးခုပ်စွမ်းခိုင်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်လှမြတ်ထက်က လူငယ်နှင့်ကျန်းမာစွာ နေထိုင်နည်းများအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ကျော့ကေခိုင် က စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

# ချောင်းဆုံမြို့နယ်၌ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြော

**ချောင်းဆုံ ဇန်နဝါရီ ၁၀**

ချောင်းဆုံမြို့နယ်၌ အရွယ်မတိုင်ခင် ကလေးသူငယ်များ လုပ်ငန်းခွင်သို့ ရောက်ရှိမှု မရှိစေရေးအတွက် ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက မရမ်း (အမက) ကျောင်းတွင် ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး



ဒေါ်သန်းသန်းမော်က အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးဦးက ကလေးအလုပ်သမားနှင့် အလုပ်ချိန်ကန့်သတ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများ၊ ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရေးအကြောင်း၊ စာဖတ်ခြင်း အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပြီး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

# လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်က အဆိုပါကျောင်း ဟောခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ အတွင်းပဒံကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို ဗုဒ္ဓပူဇနိယသီချင်းဖြင့် စတင်ဖွင့်လှစ်ကာ မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က ပညာရည်ချွန် ဆုပေးပွဲ ကျင်းပရခြင်းအတွက် ဂုဏ်ပြုစကားပြောကြားပြီး အတွင်းပဒံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက မုဒိတာစကား ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖောင်းပြင်မြို့၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ရေး လှုံ့ဆော်

**ဖောင်းပြင် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခုလ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးနိုင်ရေး လှုံ့ဆော်သည့်အနေဖြင့် ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုကို



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပါဝင်ကာ မဲဆန္ဒရှင်များ တက်ကြွစွာ ဆန္ဒမဲပေးစေမည့် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် တေးသီချင်းများ၊ အကများဖြင့် မဲဆန္ဒရှင်များရှိရာ ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍လှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

| **၁၀-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)** | သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် /ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၀၀၀၀၀၀ ကျပ် ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ** |
|---|---|

❍ *ကျော်ဖုံးမှ*

TNI-4 2N-xxxx FORLAND မော်တော်ယာဉ်ကို သတင်းအရ ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၃၈ ဒသမ ၅ ကီလို (၎င်းဒေသ တန်ဖိုးငွေကျပ် ၁ ဒသမ ၉၂၅ ဘီလီယံ)ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများ သယ်ဆောင်ခိုင်းသူမှာ တမူး မြို့နယ် ခမ်းပတ်မြို့နေ ဖိုးကျော် (ဖမ်းဆီးရန်ကျန်) နှင့် ပူးပေါင်းပါဝင်သူ ဖိုးသား(ဖမ်းဆီးရန်ကျန်) တို့ဖြစ်ပြီး ကလေးဝမြို့နယ်မှ ခမ်းပတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကိုဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒိုက်ဦးမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပမည့် မဲရုံများအတွက် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများကို ဇန်နဝါရီ ၁၀ ရက်တွင် မဲရုံတာဝန်ရှိသူများအား ကောလိယခန်းမတွင် စနစ်တကျ ထုတ်ပေး၊ ပို့ဆောင်ခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ကျောက်ပန်းတောင်းမြို့နယ်၌ ဒုတိယအကြိမ်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ ရပ်ကွက်/ကျေးရွာအုပ်စုအသီးသီးရှိ မဲရုံများတွင် အသုံးပြုရန်အတွက် MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများကို ဇန်နဝါရီ ၉ ရက်က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း) ရှိ WORKSHOP အဆောက်အအုံတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ထုတ်ပေးရာ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ သွားရောက်စစ်ဆေးစဉ်။ ဒီပါလင်း



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ မဲရုံများအား မီးဘေးလုံခြုံရေးအတွက် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်အိမွန်နေဝင်းနှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၈ ရက်က လိုက်လံစစ်ဆေး၍ အသိပညာပေးစဉ်။ ၂၂၁

# ကျိုက်မရောၥ် မီးခိုးမြူငွေ့လျှော့ချခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၁၀**

ကျိုက်မရောမြို့နယ်၌ သစ်တောဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချခြင်းဆိုင်ရာ အသိပညာပေး (Talk – Show) ကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေး က အသိပညာပေး (Talk–Show) ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမိုးသန့်ဇင် က မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာနှင့် ပတ်သက်၍ ဆွေးနွေးရာ၌ သစ်တောများက ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများနှင့် ကျေးရွာပိုင် တစ်အုပ်တစ်မ စိုက်ခင်းများ၊ တစ်အိမ်ထောင်လျှင် နှစ်ရှည်ပင် တစ်ပင်နှုန်းစိုက်ပျိုးသွားရန်၊ တောမီးများလောင်ကျွမ်းမှုမှ ကာကွယ်ရန်၊ သစ်တောများမပြုန်းတီးစေရန်အတွက် သစ်ပင်များ နှစ်စဉ်စိုက်ပျိုးနိုင်ရန် မြို့နယ်သစ်တောပျိုးဥယျာဉ်၌ နှစ်ရှည်ပင်သီးနှံပင်ပေါင်း ၃၅၀၀၀ ကို စနစ်တကျပျိုးထောင်ထားပြီးဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်းနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဆွေးနွေးခဲ့ကြသည်။

**ကျိုက်မရော(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာဇင်နွယ်မြင့် ပါမောက္ခ(ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

**အခြေခံပညာအထက်တန်း ဒွါဒသမတန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မကြာမီဖြေဆိုကြရမှာဖြစ်သည်။ ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပထဝီဝင်ဘာသာရပ်နဲ့ပတ်သက်ပြီး လွယ်ကူချောမွေ့စွာ ဖြေဆိုနိုင်ရန်ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ သင်ကြားပို့ချမှာဖြစ်သည်။**

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံးစာအုပ်တွင် သင်ခန်းစာ အခန်းကြီး(၅)ခန်း ပါဝင်ပါသည်။

အခန်း (၁)သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်းပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းတို့ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမှာဖြစ်သည်။

အခန်း (၃)သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သော နည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံအချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့်အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသော နိုင်ငံ(၅)နိုင်ငံ ဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါတယ်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမှာဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်းဖြစ်သည်။ အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သောအခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့် သက်ဆိုင်သောအကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ်တွင်ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။ မေးခွန်းတွင် အပိုင်း(က)မှ အပိုင်း(စ)အထိ အပိုင်း(၆)ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ် ၁၀၀ ဖြစ်သည်။

ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ ကျောင်းသားကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် ၁ ဖြစ်ကာ ၁(က)၊ ၁ (ခ)နှင့် ၁ (ဂ)ဟူ၍ (၃)ပိုင်းပါရှိမည်။ မေးခွန်း ၁ (က)သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ)သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁(ဂ)သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က)အတွက် ၁၀ မှတ်၊ ၁ (ခ)အတွက် ၁၀ မှတ်နှင့် ၁ (ဂ)အတွက် ၁၀ မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀)မှတ် ပေးထားခြင်းဖြစ်သည်။ ထိုဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်းသင်ရိုး ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်ရှိ အခန်း(၁)မှ (၅)အထိ အပိုင်းအားလုံးပါဝင်ပြီး အပိုင်းတစ်ပိုင်းစီမှ အညီအမျှထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ)တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂)တွင် မေးခွန်းရှည်(Essay Type)တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ(၃)ခုမှ ကြိုက်နှစ်သက်ရာ နှစ်ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက ၁၄ မှတ်ရပြီး ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို ၇ မှတ်စီဖြင့် ၁၄ မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၁၄ မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကိုမဖြေလိုက ပေးထားသည့် သုံးခုအနက် နှစ်ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

ကျန်အပိုင်းများဖြစ်တဲ့ အပိုင်း(ဂ) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ အပိုင်း (ဃ) ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်၊ အပိုင်း (င) ဒေသန္တရပထဝီဝင်နဲ့ အပိုင်း(စ) လက်တွေ့ပထဝီဝင်တို့ကိုလည်း မေးခွန်းရှည်၊ မေးခွန်းတိုဖွဲ့စည်းပုံကို အထက်မှာ ပြောခဲ့သည့်ပုံစံအတိုင်း မေးသွားမှာဖြစ်တယ်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ်(၆)ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် မေးခွန်းတိုနှစ်ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှစူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိက အပိုင်းကြီး(၂)ပိုင်းရှိရာ ၎င်းတို့အနက်မှ တစ်ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မေးခွန်းတို သုံးပုဒ်အနက် နှစ်ပုဒ်ကို မှတ်စုတိုရွေးချယ်ဖြေရမည့် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့် ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန် လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးနိုင်ပါသည်။ ထို့အတူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာအပိုင်းမှ အခြေခံသဘောတရားများ၊ သိသင့်သည့်အကြောင်းအရာများကို မေးခွန်းရှည်အဖြစ်မေးနိုင်ပါသည်။

လက်တွေ့ပထဝီဝင်၏ မေးခွန်းတိုအပိုင်းတွင်မူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများပေးထားပြီး တည်နေရာဆိုင်ရာအချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် ကိုဩဒိနိတ်မေးခွန်းမျိုးလည်း မေးနိုင်ပါသည်။ တွက်ချက်ရန် မေးခွန်းတိုပုစ္ဆာအဖြစ် ၇ မှတ် တန်လည်း မေးနိုင်ပါသည်။

ယခု နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် ၁၄ မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာစနစ်အမျိုးမျိုးရှိသည်။ Grade 12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှလွှတ်တင်ထားသောဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန်ပမာဏ မည်မျှလိုမည်နည်း ဆိုသည့်ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမှာဖြစ်ပါတယ်။ IRS LISS 4 နှင့် သက်ဆိုင်သောအချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမှာဖြစ်တယ်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင်ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပုစ္ဆာပါ IRS LISS 4 ၏ အချက်အလက်များကို အောက်ပါအတိုင်း ရေးသားနိုင်သည်။

**ပေးထားချက်။** ။ ဂြိုဟ်တု = IRS
အာရုံခံကိရိယာ = LISS 4
ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ
မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ
ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု
အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်။** ။ ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူ တွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ(Columns)၊ အတန်းများ(Rows)ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ်(Pixel)ဟု ခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား(Pixel size)သေးသေးဖြင့်မှတ်နိုင်လေ မြေပြင်ပေါ်ရှိအရာဝတ္ထုများ - ဥပမာ အဆောက်အအုံ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်တယ်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက်ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံ ဆိုသည်မှာ ဂြိုဟ်တုတွင်တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိအခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသောပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာ ဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်မှာ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာရှိသော အကွက်များဖြင့် တစ်လိုင်းချင်းမှတ်တမ်းတင်သွားမှာဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန်လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့်အရွယ်အစား(Pixel size) ၅.၈ မီတာနှင့် စားရမှာဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းဖို့လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ X ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား(Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းအရေအတွက် ၄၁၃၈ ကို ရမှာဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန်လိုသေးသည်။ ၎င်းအရေအတွက်ကိုရှာရန် ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏ အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန် ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခုပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင်အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက်(အတန်း)ရှိသောပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက်(အတိုင်)ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် အချို့ဂြိုဟ်တုပုံရိပ်များသည် အလျား(တန်း) နှင့် အနံ(တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။ ထိုသို့ အလျားနှင့် အနံ မတူညီပါက အလျားအတွက်တစ်ခါ၊ အနံအတွက်တစ်ခါ တွက်ပေးရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက်တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင်ပေးထားသည့် IRS LISS 4 ၌ ရောင်စဉ်စုအရေအတွက်သည် သုံးခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နဲ့ ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ = ၅၁၃၆၉၃၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်း ပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့်ပမာဏဟုမေးထားခြင်းဖြစ်သည့်အတွက် ရရှိလာတဲ့ ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် “ဘစ်” အရေအတွက်ဖြင့်ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင်သိမ်းနိုင်သည့် ပမာဏ(Memory Storage)ကို “ဘစ်”၊ “ဘိုက်”၊ “မီဂါဘိုက်” စသည်တို့ဖြင့် ပြလေ့ရှိသည်။ ဒါကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်**မှ **ဘိုက်**သို့ ယူနစ်ပြောင်းရန် လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှဖြာထွက်လာသောစွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သော ပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော Memory ပမာဏလည်း ကွဲပြားသွားမှာဖြစ်သည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်)ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့်မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမှာဖြစ်တယ်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဆိုတဲ့အဖြေကို ရမှာဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အလျား / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ ×၁၀၀၀ မီတာ / ၅.၈ မီတာ

(၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အနံ / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ ×၁၀၀၀ မီတာ / ၅.၈ မီတာ

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိ ဒေါင်လိုက်တိုင်အရေအတွက် x ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် x ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ x ၄၁၃၈ x ၃

= ၅၁၃၆၉၃၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ်(၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် x ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

∴ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက်တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင် ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များအပိုင်းဖြစ်ပါတယ်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာအယူအဆအချို့ဖြစ်တဲ့ တည်နေရာ(Location)၊ ဦးတည်ရာ(Direction)၊ အကွာအဝေး (Distance)၊ နေရာ(Space)နှင့် သွားလာရေး(Navigation)တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကို ဖော်ပြသော ဗက်တာ၊ ရာစတာတို့ရဲ့ အခြေခံသဘောတရားကို နားလည်ရန်လိုအပ်သည်။


ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက် အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ်(တစ်နည်းအားဖြင့် အစက်)ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကိုဖော်ပြရာတွင်မူ ထိုမျဉ်း၏တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့်ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်းရှိနိုင်သည်။ ထိုမျဉ်း၏တည်နေရာကို အစဉ်လိုက်ရှိသော x, y ကိုဩဒိနိတ်များဖြင့်ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုး လေ့ကျင့်ထားသင့်ပါသည်။

နမူနာအဖြစ် အောက်ဖော်ပြပါပုံမှ မျဉ်းပိုင်းတို့နှင့် ထိစပ်နေသော ဧရိယာများ၊ ထိုဧရိယာတို့တွင် ပါဝင်သောမျဉ်းပိုင်းများနှင့် ကိုဩဒိနိတ်အမှတ်များကို ဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့် ညာဘက်ရှိ ဧရိယာများကို (ဇယား –က)တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို(ဇယား–ခ)ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကိုဩဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း(ဇယား–ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသည့် ဧရိယာများ၊ ၎င်းဧရိယာတို့ကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများနှင့် ကိုဩဒိနိတ်အမှတ်များ၏ ဆက်စပ်မှုကို လွယ်ကူစွာဖော်ပြနိုင်မည်ဖြစ်သည်။




**ဖြေဆိုချက်။**

(ဇယား – က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား – ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား – ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုဩဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (9,6) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (9,6) (7,3) (5,3) |
| F | (5,3) (1,3) |

ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင်လည်း အခြေခံသီအိုရီ သဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာအခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာအခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကို ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက်ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများရှိမည်။ ကျောင်းသားများသည် မေးခွန်းကို သေချာဖတ်ရှုရန်လိုပါမည်။ မေးခွန်းတွင် ဝေဖန်သုံးသပ်ပါ၊ လေ့လာဆန်းစစ်ပါဟု မေးထားပါက မိမိ၏ကိုယ်ပိုင်အမြင်ကို အနည်းငယ်မျှပင်ဖြစ်စေ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာဖြေဆိုနိုင်ကြပါစေလို့ဆုတောင်းရင်း သင်ခန်းစာကို ဒီမှာပဲရပ်နားလိုက်ပါတယ်။

## နမ့်စန်မြို့နယ်၌ ယင်းကြားတိုင်းရင်းသားရိုးရာအထည်ချုပ်သင်တန်းဖွင့်

**နမ့်စန် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနက ကြီးကြပ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ ယင်းကြားတိုင်းရင်းသားရိုးရာအထည်ချုပ်သင်တန်းဖွင့်ပွဲကို ယမန်နေ့က နမ့်လစ်ကျေးရွာအုပ်စု တွံတီးကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက သင်တန်းဖွင့် အမှာစကားပြောကြား၍ သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၅၃၄၀၀၀၀ ကို ပေးအပ်ရာ ယင်းကြားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။



ဆက်လက်၍ ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်အောင်က ဌာန၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြား၍ သင်တန်းသုံး ပိတ်စများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သင်တန်းတာဝန်ခံများက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ နမ့်စန်မြို့နယ်အတွင်းရှိ ယင်းကြားတိုင်းရင်းသားကျေးရွာ ၁၀ ရွာမှ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိသည်။

**သူရအောင်(နမ့်စန်)**

## ကြိုတင်မဲပုံးနှင့်မဲပုံးများ လုံခြုံရေးကြိုးများ စနစ်တကျချိပ်ပိတ်တပ်ဆင်ထားခြင်းရှိ မရှိ ကြည့်ရှုစစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက်က ဒိုက်ဦးမြို့နယ် မြို့မရဲစခန်း၌ သိမ်းဆည်းထားရှိသော ကြိုတင်မဲပုံးနှင့် မဲပုံးများကို မဲရုံများတွင် အချိန်မီပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်ရာ၌ လုံခြုံရေးကြိုးများ စနစ်တကျချိပ်ပိတ် တပ်ဆင်ထားခြင်းရှိမရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် ညောင်လေးပင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ လိုက်လံစစ်ဆေးကြည့်ရှုသည်။

ဆက်လက်၍ ဒိုက်ဦးမြို့ အမှတ်(၆) မင်းတဲရပ်ကွက်၊ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် မဲရုံပြင်ဆင်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်

**ကွန်ဟိန်း ဇန်နဝါရီ ၁၀**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ကွန်ဟိန်းမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကြိုတင်ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်၌ မဲရုံများသို့ မသွားရောက်နိုင်သော သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ၊ မသန်စွမ်းသူများ၊ မီးဖွားထားသူများအား ဆန္ဒမဲပေးခွင့်ရရှိစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် တစ်အိမ်တက်ဆင်း ကြိုတင်ဆန္ဒမဲပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အရာတော်မြို့၌ MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများ စနစ်တကျပြင်ဆင်ဆောင်ရွက်

**အရာတော် ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် MEVM မဲပေးစက်များနှင့် မဲရုံသုံးပစ္စည်းများကို ယနေ့နံနက်ပိုင်းက မဲရုံအသီးသီးတွင် စနစ်တကျပြင်ဆင်ဆောင်ရွက်ခဲ့သည်။



အဆိုပါပြင်ဆင်ဆောင်ရွက်ရာသို့ တပ်နယ်မှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းချစ်၊ အဖွဲ့ဝင် ဗိုလ်မှူးကြည်သာအောင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မျိုးဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြီးကြပ်ပြီး မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့် အဖွဲ့ဝင်များက မဲရုံများကို စနစ်တကျပြင်ဆင်ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ မဲရုံများ ကြိုတင်ပြင်ဆင်ထားရှိ

**သနပ်ပင် ဇန်နဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ယမန်နေ့က သက်ဆိုင်ရာ မဲရုံအသီးသီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့မဲရုံများပြင်ဆင်ဆောင်ရွက်နေမှုကို သနပ်ပင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**





မော်လမြိုင်မြို့နယ်၌ အိန္ဒိယနွယ်ဖွားများအား ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးရရှိရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးဦးခင်မောင်တို့က ကွင်းဆင်းဆောင်ရွက်ရာ ရွှေတောင်ရပ်ကွက်၌ ဇန်နဝါရီ ၉ ရက်က ကိုင်ဆောင်ခွင့်ရရှိသူများအား ကတ်များ ပေးအပ်စဉ်။ ခင်စန်းမြင့်(ပြန်/ဆက်)



ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ကျင်းပမည့် ဖျာပုံမြို့နယ်အတွင်းရှိ မဲရုံများ၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာ ဇန်နဝါရီ ၉ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)



ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ဇန်နဝါရီ ၉ ရက်က ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဖြစ်စဉ်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်စဉ်။ ၃၄၀



သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေး အသံချဲ့စက်ဖြင့် အသိပေးခြင်းကို မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက်၊ ကျေးရွာများ၌ ဇန်နဝါရီ ၉ ရက်က ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)




ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် တပေါင်းကွင်းရှိ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းသို့ ဇန်နဝါရီ ၇ ရက်က မြန်မာ-တရုတ်ချစ်ကြည်မှုမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ) ဒုတိယဥက္ကဋ္ဌ ဒေါ်စမ်းစမ်းထွေး၏ ဦးဆောင်မှုဖြင့် မီးဘေးသင့်အိမ်ထောင် ၆၂ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၃၈၅၀၀ နှုန်းရှိ ဆန်၊ ဆီ၊ ဆား၊ အနွေးစောင်များ ပေးအပ်လှူဒါန်းစဉ်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

## လယ်ဝေးမြို့နယ်အတွင်း မြေချဉ်ငန်ကိန်းတိုင်းတာခြင်းနှင့် မြေဆီလွှာဓာတ်ခွဲစစ်ဆေးရန် မြေနမူနာယူခြင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ ကွင်းအမှတ် ၁၈၂၃၊ တောင်သူဦးအောင်တင်စိန်၊ တောင်သူဒေါ်ဝင်းမော်၊ တောင်သူ ဒေါ်ခင်စိုးလွင်တို့၏ လယ်မြေများတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေချဉ်ငန်ကိန်းတိုင်းတာခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း ဆောင်ရွက်သည်။

မြေချဉ်ငန်ကိန်း တိုင်းတာခြင်းနှင့် မြေဆီလွှာဓာတ်ခွဲစစ်ဆေးရန် မြေနမူနာယူဆောင်ရွက်ခြင်းကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ကွင်းဆင်းကြည့်ရှုကာ သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မြေဆီလွှာစစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ စမ်းသပ်ရရှိသည့်အဖြေအရ မိမိမြေအမျိုးအစားအလိုက် ဖြည့်စွက်ရမည့် မြေဩဇာကို ထိထိရောက်ရောက် သုံးစွဲမှသာ မြေဆီလွှာအရည်အသွေး တိုးတက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရုံးပင်ကျေးရွာ ကုန်ထုတ်လမ်း မြေသားတာပေါင်ဖြည့်ခြင်းနှင့် ရိုစာခင်းခြင်း (၀/၆.၈၁၈) မိုင်ကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး မှာကြားသည်။ အဆိုပါကုန်ထုတ်လမ်းပြီးစီးပါက ရုံးပင်ကျေးရွာနှင့် အနီးဝန်းကျင်မှ တောင်သူများ၏ စိုက်ဧက ၆၀ ကို အကျိုးပြုမည်ဖြစ်သည်။

**မြို့နယ်( ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်

**မင်းလှ ဇန်နဝါရီ ၁၀**

မင်းလှမြို့နယ် လယ်ဦးစုကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှငွေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်ချိုက တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးလှငွေး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့က လယ်ဦးစု အခြေခံပညာမူလတန်းကျောင်း တစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ်



ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## အောင်လံမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



**အောင်လံ ဇန်နဝါရီ ၁၀**

အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဇန်နဝါရီ ၆ ရက်က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီရိအေးက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးသန်းက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ ဆက်သင်ယူရန်နှင့် က လေးသူငယ်အခွင့်အရေးဆိုင်ရာအကြောင်းတို့ကို ဟောပြောသည်။ **အာကာ(ပြန်/ဆက်)**

## ဂန့်ဂေါမြို့၌ မဲရုံဖွင့်လှစ်မည့် ကျောင်းပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**ဂန့်ဂေါ ဇန်နဝါရီ ၁၀**

ဂန့်ဂေါမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂) အတွက် မဲရုံဖွင့်လှစ်မည့် စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ(စည်ပင်)ကျောင်းအနီးရှိ CB Bank မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဇန်နဝါရီ ၆ ရက်က ဂန့်ဂေါခရိုင် မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**မောင်မျိုးမင်း**



## မိုးညိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြော

**မိုးညို ဇန်နဝါရီ ၁၀**

မိုးညိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်



အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းကို ဇန်နဝါရီ ၈ ရက်က အလက (မိုးသီတာ)ကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးဟန်က လူငယ်များအနေဖြင့် ဘဝတိုးတက်မှုရရှိစေရေး စာများများဖတ်ကြပါရန်၊ ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှု၏ဆိုးကျိုးများကို ဟောပြောပြီး အငယ်တန်းစာရေး ဒေါ်သုန်နဒီကိုက တို့ပတ်ဝန်းကျင် ချစ်ခင်ကြပါစို့နှင့် ရောမမုန်လာဥကြီးပုံပြင်များကို ဟောပြောခဲ့သည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးနှင့် Facebook ၏ လူမှုကွန်ရက်ဆိုင်ရာစံနှုန်းများ စသည့်နံရံကပ်စာစောင်များကို ပြသခဲ့သည်။

**ကိုမင်း(ပြန်/ဆက်)**




## ဝိပဿနာကိုယ်တွေ့ စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

စာရေးသူ ဒေါက်တာအောင်မြင့်နှင့် စာရေးဆရာမ ကြည်ဇင်နှင်း (ဒေါက်တာ ခင်စန်းမော်) ရေးသားပြုစုထားသည့် ဝိပဿနာကိုယ်တွေ့ (လွတ်မြောက်သူတို့၏ အမှာစကားများနှင့် အခြားဆောင်းပါးများ)စာအုပ် ထွက်ရှိလာပြီဖြစ်သည်။




ယင်းစာအုပ်တွင် ဒေါက်တာခင်စန်းမော်ကိုယ်တိုင် တရားအားထုတ်ခဲ့သည့် အတွေ့အကြုံများထဲမှ ပြောပြသင့်၊ ဝေမျှသင့်သည့် အနှစ်သာရများနှင့် တရားအားထုတ်စဉ်ကာလအတွင်း ပြင်ပတွင် ကြုံတွေ့ခဲ့ရသည့် ထူးခြားချက်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် သူကျွမ်းကျင်သည့် စာရေးဆရာပညာနှင့် ပေါင်းစပ်ကာ စုစည်းရေးသားထားသည့်အပြင် စာရေးသူ ဒေါက်တာအောင်မြင့်ကလည်း သူ၏ နာယူ၊ မှတ်သားသိမှတ်ဖူးသမျှများကို ယခုခေတ် သိပ္ပံပညာရှင်များ၏ စူးစမ်းလေ့လာချက်များနှင့် နှိုင်းယှဉ်ရေးသားထားသည့် ဆောင်းပါးများဖြင့် စုစည်းဖော်ပြထားပြီး စာဖတ်သူများအား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောကောင်းကျိုးကို ဖြစ်ပေါ်စေမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ကိုလတ်စာပေ အမှတ်(၂၀၀) ၃၁ လမ်း (အပေါ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၉-၈၈၅၀၂၀၀၆၈၊ ၀၉-၂၆၅၀၂၀၀၆၈၊ ၀၉-၉၆၅၀၂၀၀၆၈ တို့မှ တန်ဖိုးငွေကျပ် ၉၀၀၀ ဖြင့် ဖြန့်ချိထားပြီး တစ်နိုင်ငံလုံးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **မြန်မာ့အလင်း**



မိုင်းရှူးမြို့နယ်၌ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပြည်သူများ မဲပေးမှုသိရှိစေရေးနှင့် မဲပေးစက်အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဇန်နဝါရီ ၇ ရက်က လူစည်ကားသည့်နေရာများ၌ ဖြန့်ဝေစဉ်။

သန်းလူ(ပြန်/ဆက်)



ပြည်ကြီးတံခွန်မြို့နယ်၌ ဒို့အတူတူမဲပေးကြစို့ LED ပိုစတာဘုတ်ကားဖြင့် လှည့်လည်ပြသခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကြီးကြပ်အဖွဲ့က ဇန်နဝါရီ ၇ ရက်တွင် လှည့်လည်ပြသစဉ်။

ဇင်မင်းမောင်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## သဗ္ဗညုဘုရားကြီး၏ နံရံရှိ ထုံးသားလွှာများ သန့်စင်ရာမှ နံရံဆေးရေးပန်းချီများ တွေ့ရှိ

ပုဂံ ဇန်နဝါရီ ၁၀

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သဗ္ဗညုဘုရားကြီးအား တရုတ်ပညာရှင်အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ထိန်းသိမ်းရေးဌာနစု အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ အဆောက်အအုံပိုင်း ပြုပြင်ထိန်းသိမ်းခြင်း၊ နံရံပန်းချီထိန်းသိမ်းခြင်း





နှင့် တူးဖော်သုတေသနပြုခြင်းလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြား ဆောင်ရွက်လျက်ရှိသည်။

ယခင်က သဗ္ဗညုဘုရားကြီး၏အနောက်ဘက် အဝင်မုခ်မျက်နှာကြက်တွင်သာ နံရံပန်းချီ ရှိကြောင်း သိရှိရပြီး ယခုအခါ တရုတ်ပညာရှင်အဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သဗ္ဗညုဘုရားကြီး၏နံရံရှိ ထုံးသားလွှာများအောက်တွင် နံရံဆေးရေးပန်းချီ ရှိ မရှိ စမ်းသပ်အစိတ်အပိုင်းငယ်နေရာ ၄၀ ကို သန့်စင်ရာမှ တတိယထပ် အာရုံခံတောင်ဘက်နံရံနှင့် တတိယထပ်တိုက်မအဝင် မုခ်ပေါက်ဘေးနံရံ နှစ်နေရာတို့တွင် နံရံဆေးရေးပန်းချီများရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဆက်လက်၍ တရုတ်ပညာရှင်အဖွဲ့က တတိယထပ် အပြင်ပတ်လမ်း တိုက်မပစ္စယံခုံ တောင်ဘက်နံရံတွင် အပိုင်း နှစ်ပိုင်းခွဲ၍ Dry Cleaning နှင့် Wet Cleaning နည်းလမ်း နှစ်မျိုးဖြင့် ချေးချွတ်သန့်စင်ခဲ့ခြင်းကို နှိုင်းယှဉ်ပြသဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဒီပါလင်း

## တောင်ကြီးမြို့၌ စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) ဖွဲ့စည်းခြင်း (၁၀)နှစ်ပြည့်အခမ်းအနား ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၀

စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့ (ရှမ်းပြည်နယ်) ဖွဲ့စည်းခြင်း (၁၀)နှစ်ပြည့် အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က တောင်ကြီးမြို့ ဟိုတယ်ထိန်သာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စွန့်ဦးတီထွင်အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့(ရှမ်းပြည်နယ်) (WEWG) ဥက္ကဋ္ဌ ဒေါ်မိုမိုသီတာက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးပပက အမှာစကား ပြောကြားသည်။ ထို့နောက် စွန့်ဦးတီထွင် အမျိုးသမီးလုပ်ငန်းရှင်များအဖွဲ့ (ရှမ်းပြည်နယ်)၏ အတွင်းရေးမှူးက အဖွဲ့၏လှုပ်ရှား ဆောင်ရွက်မှုများကို တင်ပြပြီး ဘဏ္ဍာရေးမှူးက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ထို့နောက် အသင်းအား ရေရှည်တည်တံ့စေရေးအတွက် ပံ့ပိုးကူညီခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၏ ဇနီး၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စွန့်ဦးတီထွင် အမျိုးသမီး လုပ်ငန်းရှင်များအဖွဲ့ (ရှမ်းပြည်နယ်) (WEWG) ဥက္ကဋ္ဌတို့က ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## ပခုက္ကူမြို့နယ်၌ မီးသတ်ဦးစီးဌာနမှ သောက်သုံးရေ လိုအပ်သည့် ပြည်သူများထံလှူဒါန်း

ပခုက္ကူ ဇန်နဝါရီ ၁၀


ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေလိုအပ်လျက်ရှိသည့် မြို့ပေါ်ရပ်ကွက်နေပြည်သူများထံ ဇန်နဝါရီ ၄ ရက်မှ စတင်ပြီး မီးသတ်ရေသယ်ယာဉ်များဖြင့် လှူဒါန်းရာ




ဇန်နဝါရီ ၈ ရက်အထိ ရေဂါလန် ၃၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ငါးသိုင်းချောင်းမြို့၌ အသက် ၇၀ နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေးအခမဲ့စောင့်ရှောက်



ငါးသိုင်းချောင်း ဇန်နဝါရီ ၁၀

ငါးသိုင်းချောင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ အသက် ၇၀ နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေး အခမဲ့စောင့်ရှောက်ခြင်းကို ဇန်နဝါရီ ၇ ရက်က ဆောင်ရွက်ရာ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၊ မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့ဆရာဝန်ဒေါက်တာ ဦးသန့်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအပိုင်း(၂)ကျင်းပမည့် မဲရုံများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ဘီးလင်း ဇန်နဝါရီ ၁၀

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)တွင်ပါဝင်သည့် မဲရုံများအား အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ရပ်ကွက်၊ ကျေးရွာအသီးသီးတို့ရှိ မဲရုံများတွင် ပြည်သူများ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇန်နဝါရီ ၁၀ ရက်က တာဝန်ရှိသူများ ပူးပေါင်း ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိန်မင်းထွန်းက အနီးကပ်ကြီးကြပ်၍ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ ဘီးလင်း မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေး



အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြည်သူများ လွယ်ကူအဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေး မဲရုံများ အသင့်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ မဲပေးစက်များ စီမံထားရှိမှု၊ မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘီးလင်း(ပြန်/ဆက်)



ကလေးဝမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)၌ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးနိုင်ရေး "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီ ၇ ရက်တွင် အခြေခံပညာကျောင်းများ၌ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဝမ်းတွင်းမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဇန်နဝါရီ ၇ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ ဌေးလှိုင်(ဝမ်းတွင်း)



ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီ ၂၅ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် မဲဆန္ဒရှင်ပြည်သူများအား မဲပေးခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဇန်နဝါရီ ၇ ရက်က ရပ်ကွက်များအတွင်း ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)



မိုးနဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့် အသိပညာပေး လက်ကမ်းစာစောင်များကို ဇန်နဝါရီ ၇ ရက်က လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ မျိုးညွန့်ရွှေ(မိုးနဲ)



ကွမ်းခြံကုန်းမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ဇန်နဝါရီ ၇ ရက်က ရပ်ကွက်၊ ကျေးရွာ ပြည်သူများထံ ဖြန့်ဝေစဉ်။ ဆွေနွယ်(ပြန်/ဆက်)

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ တမာတန်းရေအားလျှပ်စစ်ဝန်းနေ ဒေါ်ယွန်းနန္ဒီမိုး ၉/ပသက(နိုင်)၁၉၄၈၄၃ ၏ ဖခင်အမည်မှာ ဦးညွန့်ဦး (ခ) ဦးအောင်ညွန့်ဦးသည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးညွန့်ဦး (ခ) ဦးအောင်ညွန့်ဦး**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးအောင်ငြိမ်း၏သမီး ဒေါ်ရီရီငြိမ်း ၁၂/အစန(နိုင်)၀၉၉၂၀၄ ၏ ပတ်စ်ပို့နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၇၀၇၈၆၆၂**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးလှမြင့်၏သမီး မဟန်နီထွန်း ၁၂/လယရ(နိုင်)၀၀၉၄၀၅ ၏ ပတ်စ်ပို့ မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၇၀၇၈၆၆၂**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးမောင်ဝင်းလှိုင်၏သမီး အေးငြိမ်းသူ ၁၁/ပတန(နိုင်)၁၁၅၅၀၄ ၏ နိုင်ငံကူးလက်မှတ် MF-047495 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၅၉၁၃၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/33898 Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co;ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန် ။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/43390 Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,ltd မှ ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/99371 CYMOO-100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းလင်း ၈/မကန(နိုင်)၀၆၃၁၅၈ မှ ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## DO-ပျောက်ဆုံးခြင်း

ကျွန်တော်များ HTOO TRADING CO., LTD သည် မြန်မာ့သစ်လုပ်ငန်းမှ ဝယ်ယူခွင့်ရရှိထားသော ပျဉ်းကတိုးသစ်လုံး များ၏ DO No.144/2016-2017 (L)ဒီအို(၁)စောင်နှင့် သစ်လုံးအတိုင်း စာရင်းမူရင်းများသည် လုပ်ငန်းကိစ္စ ဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ဆက်သွယ်ပေးပါရန်နှင့် ကျေးဇူးဆပ်ပါမည်။

**အမည်- ဦးမိုးကျော်မြင့်**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၉၀၉၀၀**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## သန်လျင်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၂

| | | |
|---|---|---|
| ဦးစိန်လင်း | နှင့် | ဒေါ်ခင်စန်းမြင့် |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၄၈)၊ ထန်းနှစ်ပင်လမ်းသွယ်၊ မြို့မတောင် ရပ်ကွက်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိန်လင်း က ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ) ဗုဒ္ဓဟူးနေ့ မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်မိုး)**
**မြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၄၉)၊ ရွှေဇီးကုံးဘုရားအကွက်၊ ဦးပိုင်အမှတ်(၅၄)၊ မြေဧရိယာ ၀ ဒသမ ၁၂၁ကေအတွင်းမှ မြေဧရိယာ ၀ ဒသမ ၀၆၀ကေရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ်(၅)၊ ညောင်ပင်သာလမ်းနေ ဒေါ်ဌေးဌေးအောင်မှ မြေအမည်ပြောင်းလဲပေးရန်လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ရက် (၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ကွင်းလမ်း အကွက်၊ ဦးပိုင်အမှတ်(၁၃၄)၊ မြေဧရိယာ ၀ ဒသမ ၁၁၄ ဧကရှိ မြို့မြေ(B)သည် သာပေါင်းမြို့၊ လေ့ကြီးတက်ကျေးရွာအုပ်စု၊ ကြက်သွန်ကွင်းကျေးရွာနေ ဒေါ်နှင်းကြည်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ရက် (၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ စဉ့်အိုးဘိုမြောက်အကွက်၊ ဦးပိုင်အမှတ် (၄၁-က)၊ မြေဧရိယာ ၀ ဒသမ ၄၄၃ကေအတွင်းမှ မြေဧရိယာ ၀ ဒသမ ၀၂၀ကေရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးလွင်လွင်ဦး မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်း နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ရက် (၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၇၃)၊ (ခ)၊ (၁၅)ရပ်ကွက်၊ (၂)လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဘ) ဦးခင်မောင်ကြီး၊ (မိ) ဒေါ်ညိုညိုသန်းတို့၏ သားဖြစ်သူ မောင်ဟိန်းထက်အောင်(၁၂/ဥကတ(နိုင်)၁၆၅၃၃၉)သည် မိဘများ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို(လုံး၀) လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဖခင် ဦးခင်မောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဥတ္တရဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ဧက၊ မြေကွက်အမှတ်(ဥ-၅၇၅၄)၊ ဒေါ်ခင်သစ္စာဝတီ (ဘ) ဦးအောင်မင်း (ခ) မစ္စတာဗန်ကက် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်သစ္စာဝတီ (ဘ) ဦးအောင်မင်း (ခ) မစ္စတာဗန်ကက်မှ ဦးမိုးဇော်လှိုင် ၁၄/ပသန(နိုင်)၀၀၁၉၂၁(ဘ) ဦးကြည်လှိုင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ စဉ့်အိုးဘို မြောက်အကွက်၊ ဦးပိုင်အမှတ် (၂၄-ခ)၊ မြေဧရိယာ ၀ ဒသမ ၁၃၉ ဧက၊ ဦးပိုင်အမှတ်(၂၅-ခ)၊ မြေဧရိယာ ၀ ဒသမ ၅၅၈ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ်(၁၃)၊ အောင်ရတနာဖြတ်လမ်းနေ ဦးကိုကိုဦး၊ ဒေါ်ဇင်မာဝင်းမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း ရက် (၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်း လဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အမှတ်(၆၀) မြေပေါ်တွင် ဆောက်လုပ်ထားသော(၅)ထပ် အဆောက်အအုံ၏ (မှန်ခန်း)၊ အကျယ်အဝန်း(၁၇ ပေx၅၀ ပေ)ရှိ တိုက်ခန်းနှင့် ရေ/မီးမီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင် ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သည့် ဒေါ်နီနီအေး ၉/မထလ(နိုင်)၁၇၈၈၄၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည်**
**[LL.B,M.A(Business Law)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၉/၂၀၁၇)**
**အမှတ်(၂/၄၆)မဟာဗောဓိလမ်း(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၈)၊ ဦးပိုင်အမှတ်(၃၀) ဧရိယာ ပေ(၃၀x၄၀) အတွင်းမှ အရှေ့ဘက်ခြမ်းဖြစ်သည့် ဧရိယာ (၁၅ ပေx ပေ ၄၀) အကျယ်အဝန်းရှိ ဒေါ်အေးမြစိန်နှင့် ဦးစံထွန်း အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီး သုံးစွဲခွင့်နှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမြင့်မောင်(ဘ)ဦးကြည် ၉/ပသက(နိုင်)၀၇၄၈၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဦးရဲမြတ်အောင်(LL.B)** | **ဒေါ်ခိုင်လှဲ့လှဲ့မျိုး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၁၃၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၉၅၆)** |

**၅၅လမ်း၊ ၁၀၈လမ်းနှင့် ၁၀၈(အေ)လမ်းကြား၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၄၅၁၀၇၃၅၃၊ ၀၉-၇၉၈၉၃၁၇၁၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက် အမှတ်(၃၀၂၈၊ ၃၀၃၃)၊ ဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ ဒေါ်ချင်ငုတ်ကြည်(ခ)ဒေါ်သန်းသန်း ၁၂/ကတတ (နိုင်)၀၁၆၀၄၈ (ပါ) ၈-ဦး (ဦးချင်ကောက်ရိန်(ခ) ဦးသက်ဇော်၊ ဦးချင်ကောက်ရင်(ခ)ဦးချို၀င်း၊ ဒေါ်လှ(ခ) ဒေါ်ချင်ငွတ်ကြည်၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်စုကလျာ၊ ဒေါ်ချင်ကွီကြည်(ခ) ဒေါ်နုနုယဉ်၊ ဦးချို(ခ) ဦးအောင်သန်း၊ ဦးကောင်း(ခ)ဦးအောင်ကြည်) အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးချို(ခ) ဦးအောင်သန်း ၉/ပမန(နိုင်)၀၃၄၂၄၃ (ပါ )၂-ဦး(ဦးကောင်း(ခ)ဦးအောင်ကြည်)တို့အား အပြီးအပိုင်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ် ဒ-၈၀၀၀၃၊ မြေဧရိယာ ၀ ဒသမ ၀၄၁ဧကရှိ ဦးမောင်မောင် (ဘ) ဦးပခမ်း ၉/လဝန(နိုင်)၂၁၅၇၈၈ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမောင်မောင်မှ ဦးနိုင်မင်းဆွေ (ဘ) ဦးမြင့်ဆွေ ၉/လဝန(နိုင်)၁၆၀၇၈၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၃၀၂၇၊ ၃၀၃၄)၊ ဧရိယာ ၀ ဒသမ ၂၂၀ ကေရှိ ဒေါ်ချင်ငုတ်ကြည်(ခ)ဒေါ်သန်းသန်း ၁၂/ကတတ (နိုင်)၀၁၆၀၄၈ (ပါ) ၈ ဦး (ဦးချင်ကောက်ရိန်(ခ) ဦးသက်ဇော်၊ ဦးချင်ကောက်ရင်(ခ)ဦးချို၀င်း၊ ဒေါ်လှ(ခ) ဒေါ်ချင်ငွတ်ကြည်၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်စုကလျာ၊ ဒေါ်ချင်ကွီကြည်(ခ)ဒေါ်နုနုယဉ်၊ ဦးချို (ခ) ဦးအောင်သန်း၊ ဦးကောင်း(ခ)ဦးအောင်ကြည်) အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးချို(ခ)ဦးအောင်သန်း ၉/ပမန(နိုင်)၀၃၄၂၄၃ (ပါ)၂-ဦး(ဦးကောင်း(ခ) ဦးအောင်ကြည်)တို့အား အပြီး အပိုင်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/39507, Yunde 110 ယာဉ်လက်ဝယ် ရှိသူ ဦးဟန်ချို ၈/ရစက(နိုင်) ၁၅၆၇၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/93693 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲနုစံ ၇/အတန(နိုင်)၁၀၇၀၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်သ-၁၂၊ ဦးပိုင်အမှတ် ၁၀+၁၁/၁၁၅x၁၁၆လမ်းကြား၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်နုနုရီ ၁၂/လမတ(နိုင်)၀၂၃၅၃၂ (၎င်း၏ GP ရရှိသူ ဒေါ်ချောချောမွန်)က သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံတောဂရန်နှင့် စိစစ်ပြီး ကူးယူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော ဂရန်စာချုပ်မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံး ဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန်နှင့် တောဂရန်အမှုတွဲအမှတ် ၈၅၁/၉၂-၉၃အား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်၆၇၊ ဦးပိုင်အမှတ် ယခင် ၁-အ/ယခု ၁-အ/၇ ခဲစင်းအနောက်ခြမ်း/ ၁၁x၁၂လမ်းကြား၊ ၈၆A လမ်းရှိ ဦးသန်း၊ ဒေါ်တင်အမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးသန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၉၂၄/၂၀၀၁)ဖြင့် ဇနီး ဒေါ်တင်က အမွေဆက်ခံခဲ့ပြီး မိခင် ဒေါ်တင်၊ သား ဦးခင်မောင်ညွန့်၊ ဇနီး ဒေါ်သန်းသန်းမြင့်၊ သား ဦးချိုအေး၊ ဇနီး ဒေါ်မြင့်မြင့်သန်း၊ သား ဦးချိုဌေး (လူပျို ဘ၀)၊ သား ဦးချိုလေး (လူပျိုဘ၀)၊ သမီး ဒေါ်ညွန့်ညွန့်ဝေ၊ ခင်ပွန်း ဦးတင်ညွန့်၊ မြေး မဖြိုးဖြိုးငြိမ်း (အပျိုဘ၀)၊ မြေး မောင်ညာဏ်လင်းအောင်(လူပျိုဘ၀)၊ မြေး မောင်ချမ်းငြိမ်းအောင်(လူပျိုဘ၀)၊ သား ဦးမောင်ထွေး(လူပျိုဘ၀)တို့ကွယ်လွန်၍ ကျန်ရစ်သူ သမီးများဖြစ်ကြသော ဒေါ်အုန်း ၉/မနမ(နိုင်) ၀၄၀၉၄၄၊ ဒေါ်စန်းစန်း ၉/မနမ(နိုင်) ၀၄၀၉၆၆၊ ဒေါ်ခင်ထွေး ၉/မနမ(နိုင်) ၀၀၁၄၂၉ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြုအမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5695 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွှာသာကြီး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး ချင်းပြည်နယ်၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ တီးတိန်ပြည်သူ့ဆေးရုံ၊ ခုတင်(၁၀၀)အတွက် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ငွေလုံးငွေရင်း "အထွေထွေပိုလျှံ ရန်ပုံငွေ(GRF)" ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာဖိတ်ခေါ်အပ်ပါသည် -

(၁) တီးတိန်ပြည်သူ့ဆေးရုံ၊ ခုတင်(၁၀၀)တွင် Solar System (50KW) (1 Set) တပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ချင်းပြည်နယ်ကုသရေးဦးစီး ဌာနမှူးရုံး (၀၇၀- ၂၁၅၈၉၊ ၀၉-၂၅၉၁၅၃၉၁၃)သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဆက်သွယ်မေးမြန်းနိုင်ပါသည် -

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** | ။ ။ | ၁၂-၁-၂၀၂၆ရက် (တနင်္လာနေ့) နံနက်(၀၉:၃၀)နာရီ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | ။ ။ | ၂၆-၁-၂၀၂၆ရက် (တနင်္လာနေ့) ညနေ (၁၆:၀၀) နာရီ |

**တင်ဒါကော်မတီ**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အသင်း၏ရုံးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် IT Equipment များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရန်အတွက် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ **တင်ဒါပုံစံများ စတင်ထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | ၁၁-၁-၂၀၂၆ (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများနောက်ဆုံးထုတ်ယူရမည့်နေ့ရက်နှင့်အချိန်** | ၁၇-၁-၂၀၂၆ (ရုံးချိန်အတွင်း) |
| **တင်ဒါပုံစံများနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** | ၂၆-၁-၂၀၂၆ (ရုံးချိန်အတွင်း) |
| ၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ(က)** | - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)အမှတ် (၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ |
| **ဆက်သွယ်ရမည့်ဖုန်းနံပါတ်** | - ၀၁-၃၉၂၀၂၈ ~ ၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉-၉၇၀၄၇၃၉၉၈ |
| **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ (ခ)** | - ၂၆(B) ၅၇လမ်း၊ မဉ္ဇူလမ်း၊ ကန်ကောက်ရပ်ကွက် တိုက်အမှတ် ၃၀K, အကွက် ၅၁၄/၄ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| **ဆက်သွယ်ရမည့်ဖုန်းနံပါတ်** | - ၀၉-၄၅၃၇၄၁၉၅၁ |
| **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ (ဂ)** | - ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော် |
| **ဆက်သွယ်ရမည့်ဖုန်းနံပါတ်** | - ၀၉-၂၅၂၀၀၄၆၁၇ |

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအားသိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနကွပ်ကဲမှုအောက်ရှိ ဈေးများနှင့် ပွဲရုံစခန်းများမှ ယာဉ်ဝင်ခ၊ သန့်စင်ခန်းဝင်ခကောက်ခံခြင်းလုပ်ငန်းများနှင့် ပွဲရုံစခန်းများရှိ အငှားချလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၆ မှ ၃၁-၃-၂၀၂၇ ထိ) အငှားချထားရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၁၂-၁-၂၀၂၆ရက်မှ ၂၂-၁-၂၀၂၆ ရက်နေ့ထိ (ရုံးချိန်အတွင်း) |
| ၃။ **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ ဈေးယာဉ်/သန့်စင်ခန်းဝင်ခ ကောက်ခံခြင်းလုပ်ငန်းများ** | - ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန မြို့တော်ခန်းမ၊ ဒုတိယထပ်၊ |
## (၆-၁-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၂၈)တွင် ဒေါ်အိအိအေး (၁၂/အစန(နိုင်)၀၁၁၈၁၉) ၏လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အိဖြူနှင်း (အထက်တန်းရှေ့နေ) ၏ကြေညာခြင်းအပေါ် အများသိစေရန်ပြန်လည် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၆ လမ်း)မြောက်ပိုင်း အမှတ် (၅၄၆/က) နေ ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဖခင်ဦးချစ်လှိုင်နှင့် မိခင် ဒေါ်မြကြီးတို့၏ သမီးရွေးမဖြစ်သူ ဒေါ်ခိုင်သီတာဦး၁၂/မဘန(နိုင်) ၀၀၀၉၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သီတာဦး ၁၂/မဘန(နိုင်)၀၀၀၉၃၂ ၏ ခင်ပွန်းဖြစ်သူဦးမောင်မောင်စန်း ၁၂/အစန(နိုင်) ၁၀၅၅၅၅နှင့် ဒေါ်အိအိအေး၁၂/အစန(နိုင်)၀၁၁၈၁၉တို့မှာ မောင်နှမသွေးရင်းများဖြစ်ကြပါသည်။ ယခုလက်ရှိ မိမိနေထိုင်လျက်ရှိသော အထက်ဖော်ပြပါနေအိမ်၏ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ မိမိထံ၌ ဒေါ်အိအိအေး၏ အခြားသော သွေးရင်းမောင်နှမများနှင့်အတူ သဘောတူစီမံဆောင်ရွက်ခဲ့သည့်ဥပဒေအရ ခိုင်မာပြည့်စုံသော အထောက်အထားများရှိပါကြောင်း ဒေါ်အိအိအေး၏ သွေးရင်းမောင်နှမများအားလုံး သိရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အိအိအေး၏ ကြေညာချက်အား ယနေ့မှစ၍ (၇) ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ယင်းဖော်ပြပါအိမ်ခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရှိဘဲမည်သည့်ရောင်းဝယ်၊ ပေါင်နှံ၊ စွန့်လွှတ်လှူဒါန်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ခွင့် မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေမြတ်မွန် (LL.B, D.I.L,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၂)**
**အမှတ် (၁ အေ)၊ စမ်းသီတာလမ်း၊ ဝေဘာဂီ (၅)ရပ်ကွက် ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း- ၀၉-၉၇၅၃၁၈၁၅၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၀)၊ မြေကွက်အမှတ် (၁၃၄၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်စိန်ရှင် (၁၂/မရက (နိုင်) ၁၀၀၇၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်စိန်ရှင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ လူနေရပ်ကွက်အမှတ် (စိုက်မွေး)၊ မြေကွက်အမှတ် (၆၄)၊ အကျယ်အဝန်း (၆၀ပေ × ၆၀ပေ)ရှိ ဒုအရာခံဗိုလ်ထွန်းရီ (ကပ- ၂၉၅၁၂၄) (၁၂/တကန(နိုင်) ၁၆၁၇၈၂) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နှင်းအိမွန် (၁၂/ခရန (နိုင်) ၁၀၇၈၃၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/63465 Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းဦး ၁၄/မမန(နိုင်) ၂၈၅၄၂၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ စ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/67065 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောရိမ်းဂျယ် ၁၄/ကကတ(နိုင်) ၁၃၇၆၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်လာရောက် လျှောက်ထား လာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၄၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ် (၃၄/က+ ၃၄/ဃ)၊ မြေရီယာ ၀ ဒသမ ၁၇၀ဧကရှိမြေကွက်သည် မူလက ဒေါ်ရွှင်ကြည်အမည်ဖြင့် ၁၉-၉-၂၀၂၆ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဒေါ်ရှိန်ကျိန်(ခ)ရွှင်ကြည်ထံမှ ဦးပိုင်(၃၄/ဃ)၊ မြေရီယာ ၀ ဒသမ ၀၄၈ ဧကအပိုင်းကို ဒေါ်မြတ်မြတ်ထိုက်က ၁၃-၁၀-၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၃၈၂/၂၀၂၅)ဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဒေါ်မြတ်မြတ်ထိုက်၊ ၉/အမရ(နိုင်)၁၀၅၃၇၈ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ တာကလေးရပ်ကွက်၊ အကွက် အမှတ် (၄၇)၊ တာကလေးရပ်၊ ဦးပိုင်အမှတ် (၃၃ᶜ)၊ ဧရိယာ ၀ ဒသမ ၀၄၁ ဧက ရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

| | |
|---|---|
| အရှေ့လားသော် | - နတ်မော်လမ်း |
| အနောက်လားသော် | - ဘုရားကြီးရပ်ကွက် |
| တောင်လားသော် | - ဦးပိုင်အမှတ် (၃၃ᵚ) |
| မြောက်လားသော် | - ဦးပိုင်အမှတ် (၃၃ᵃ) တို့ဖြစ်ကြ ပါသည်။ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးကျော်သူဟိန်း၊ ဒေါ်စုသက်ကိုကို တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်များကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက် စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန ဟသ်ာတမြို့**

## အမည်ပြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(၂) Grade-7 မှ (ဘ)ဦးပန်းတင်၏သား မောင်ဇာနည်ဖြိုးအား မောင်ဇင်လင်းထွဋ် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇင်လင်းထွဋ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁-၂၀၂၆ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂)ပါ၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ဆုမွန်သက်၏ အများသိစေရန်ကြေညာခြင်းကြော်ငြာတွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၇၆)အစား (စဉ်-၁၈၄၄၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဒေါ်သီတာဦး(ဘ) ဦးစံရွှေ ၁၁/မတန(နိုင်)၀၁၄၁၇၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၇၃၂၈၅၂

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာ၊ အမက ရွာသစ်ကုန်း(မြောင်း)၊ Grade-5မှ မဗန်ကျဲရုံးဇီး ၏ ဖခင် ဦးဘွဲဟုပ်ပန်း၏အမည်မှန်မှာ ဦးထန်လျန်းခုပ် ၁၂/မဂဒ(နိုင်) ၁၈၇၆၇၆ ဖြစ်ပါကြောင်း။

ဦးထန်လျန်းခုပ်

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ် (၁၁၀)၊ (၅-လွှာ)၊ စတုတ္ထထပ် (မျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အခန်းအကျယ်အဝန်းပေ(၁၂.၅ x ၅၀ )ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မခင်(ခ) ချင်မင်ဂန် ၁၂/လသန(နိုင်)၀၁၅၄၆၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူ၁၂/လသန(ဧည့်) ၀၀၁၀၈၈သည် ၂၂-၁၁-၂၀၂၅ရက်တွင် “နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်” ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ကြူကြူ တစ်ဦးတည်းသာပိုင်ဆိုင်ပြီး၊ ပိုင်ရှင်အဖြစ် စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်စသည့်အခွင့်အရေးအပြည့်အဝရှိကြောင်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မျှ ဒေါ်ကြူကြူ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း လုံးဝမပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူ ၁၂/လသန(ဧည့်)၀၀၁၀၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ကျော်စိုး(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၅)**
**တိုက်(၂၃)၊ အခန်း(၃၀၄)၊ ထီးလှိုင်ရှင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉ -၄၅၀၀၀၇၉၅၅**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် (၈၀၆) ပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်တိုက်၏ ပဥ္စမထပ် (၆ လွှာ)ခြေရင်း အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးမြင့်အောင် ၁၂/သဃက(နိုင်) ၀၃၇၈၅၆ က ၎င်းသာလျှင် လက်ရှိထားလျက် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်သင်းမာလာလှိုင် ၁၂/ဥကတ(နိုင်) ၁၁၅၂၆၆ မှ အပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သီရိမောင် အထက်တန်းရှေ့နေ (စဉ်–၅၃၂၆၁) (LL.B, DIL, DBL, DIPL)**
**အမှတ် 2B/ ၆၁၀၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ (၂)၊ ရွာမ(နောက်)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၇၅၈၉၆၅၈၂၁၊ ၀၉–၇၈၅၈၁၆၉၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ လူနေရပ်ကွက်အမှတ် (စိုက်မွေး)၊ မြေကွက်အမှတ် (၇၅)၊ အကျယ်အဝန်း (၆၀ပေ × ၆၀ပေ)ရှိ တပ်ကြပ်ကြီးချစ်မွေး (ကပ– ၃၆၇၆၉၃) (၁၂/လကန(နိုင်) ၀၃၅၈၇၄) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသန့် (၁၂/ဗဟန (နိုင်) ၀၀၅၃၅၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** — LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
**ဒေါ်လင်းလင်းထက်** — LL.B, အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေးတောင်)၊ သံသုမာလမ်း၊ မြေကွက်အမှတ် (၆၂/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးဇော်မြင့် (၁၂/သဃက (နိုင်) ၀၅၉၀၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဇော်မြင့် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** — LL.B, D.B.L, D.I.L., တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
**ဒေါ်လင်းလင်းထက်** — LL.B, အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းစုမြို့နယ်၊ မင်းခေါင်းရွာနေ မရွှေစင်အိ (ခ) မရွှေဇင်အိ ၆/မမန(နိုင်)၂၃၅၇၃၀ သည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/80142 ယာဉ်လက်ဝယ်ရှိသူ ဦးတလွန်ဇာတလဲရ် ၄/ဖခန(နိုင်)၀၀၇၀၀၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ချင်းပြည်နယ်ရုံး (ဟားခါး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/36307, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလှိုင် ၁၄/ဇလန(နိုင်) ၁၀၁၁၁၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၈–၁–၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၈) တွင်ပါရှိသော မဝေဝေဇင်(ခ) ဆွေဇင်ထွန်းနှင့် အများသိစေရန် ကြော်ငြာအစား မဝေဝေခင် (ခ) ဆွေဇင်ထွန်းဟု ပြောင်းလဲဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာ၊ ကွင်းအမှတ် (၅၆၀)၊ ကျုံသနောင်ကွင်း၊ ဦးပိုင်အမှတ်(၂၆၇)၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိ မြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာနေ ဒေါ်ပုလဲသွယ်၊ ဒေါ်မျိုးမြတ်သွယ်တို့မှ မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားမှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေ ကြော်ငြာအပ်ပါသည်။

**ဒေါ်ပုလဲသွယ်၊ ဒေါ်မျိုးမြတ်သွယ်**
**မရမ်းကျေးရွာ၊ မရမ်းကျေးရွာအုပ်စု**
**ပန်းတနော်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/85509 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင်ဦး ၁၄/မအပ(နိုင်)၃၆၉၀၇၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၉၇၃၂၀ ယာဉ်လက်ဝယ်ရှိသူ ဦးလျန်နှင်းထန်က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ချင်းပြည်နယ်ရုံး (ဟားခါး)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက (၃)၊ Grade – 7 မှ မောင်အောင်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးရာစင် ၉/ပဥလ(နိုင်)၀၀၀၄၄၇ ဖြစ်ပါသည်။

**ဦးရာစင်**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းမြင့် ၏သမီး မယဉ်မင်းငယ် ၇/ဖမန(နိုင်) ၁၆၁၀၉၅ ၏ နိုင်ငံကူးလက်မှတ် (MH–761923) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၅၉၉၃၇၉၆**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ )
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁
## ကွယ်လွန်သူ ဦးစန်းတင်၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဦးဝင်းနိုင် — လျှောက်သူ။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထန်းပင်ဆိပ် (၇) နယ်မြေနေ ဦးဝင်းနိုင်က ကွယ်လွန်သူ ဦးစန်းတင်၏ တရားဝင်သားဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ထန်းပင်ဆိပ် (၇) နယ်မြေနေ ၎င်းကွယ်လွန်သူ ဦးစန်းတင်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးစန်းတင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၃ ရက် ( ၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးဝင်းနိုင်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သန္တာ)
တွဲဖက်ခရိုင်တရားသူကြီး (၂)
သန်လျင်ခရိုင်တရားရုံး

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃
## ပြည်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁
## ကွယ်လွန်သူ ဒေါ်ညွန့်ညွန့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဦးမြင့်ဆွေ — လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ်–ဒေါ်ထက်ထက်အေး)

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၃၇၄)တွင် နေထိုင်ခဲ့သောကွယ်လွန်သူ ဒေါ်ညွန့်ညွန့်၏ ကျန်ရစ်ခဲ့သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမြင့်ဆွေ(၎င်း၏အခွင့်ရကိုယ်စားလှယ်–ဒေါ်ထက်ထက်အေး)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ညွန့်ညွန့်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ချိန်းဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ– ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက် ခဲ့လျှင်ရုံးတော်ကဆိုခဲ့သော ဦးမြင့်ဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ – ဒေါ်ထက်ထက်အေး)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(မြတ်ခိုင်ဝင်း)
ခရိုင်တရားသူကြီး
ပြည်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၁၂/ရွှေပေါက်ကံရပ်ကွက်၊ အောင်ရွှေစင်လမ်း၊ မြေကွက်အမှတ် ၁၃၇၉၊ ဒေါ်မြင့်မြင့်ရီ အမည်ပေါက်ပါမစ်မြေအမျိုးအစား အလျားပေ ၄၀ x အနံပေ ၆၀ ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်မျက်နှာမူလျှင် လက်ဝဲဘက်အခြမ်း၏ အလျား ၂၉ ပေ x အနံ ၆၀ ပေရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိကြောင်းဝန်ခံအဆိုပြုသူများ ၁။ ဦးမင်းခန့်သူ (ဘ) ဦးခင်မောင်ဇော် ၁၂/ဥကမ(နိုင်)၂၁၇၀၈၆၊ ၂။ ဒေါ်ဇင်ဇင်ဇော် (ဘ) ဦးခင်မောင်ဇော် ၁၂/ဥကမ(နိုင်)၂၅၆၈၈၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျန်ချီရီ (ခ) ဒေါ်ခင်သန်းရီမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန္တာမြင့်ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၃၈)**
**ဖုန်း–၀၉–၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း– ၃၊ မြေကွက်အမှတ် (၁၂၉၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်မူမူ ၉/ပမန(နိုင်) ၀၀၄၄၁၁ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သဇင်ခိုင် (ဘ) ဦးစိန်ဝင်း ၁၂/လမန(နိုင်) ၁၃၅၂၅၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၆/၃၊ မြေကွက်အမှတ်– ၃၅၄/ခ၊ မြေကွက်တည်နေရာအမှတ် (၃၅၄/ခ)၊ ပြည်သာယာလမ်း၊ (၁၆/၃) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်အေးမေ ၁၂/သဃက(နိုင်)၀၂၃၅၆၅ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးမေ (မိခင်/အဘွား)ဖြစ်သူသည် ၃၁–၈–၂၀၂၄ ရက်တွင်လည်းကောင်း၊ ဦးမင်းလွင် (ဖခင်/အဘိုး)ဖြစ်သူသည် ၁၈–၈–၂၀၁၇ ရက်တွင်လည်းကောင်း၊ ၎င်းတို့၏ မွေးဖွားသား သမီး (၄) ဦးအနက် ဦးစိုးမင်း(သား/ဖခင်)သည် ၂၆–၇–၂၀၂၁ ရက်တွင် ဖခင်ထက်စော၍ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် အမွေမမှီမြေးဖြစ်သူ မသံသာနှင်းလွင် ၁၂/သဃက(နိုင်)၂၁၀၈၁၂ နှင့် ကျန်သားသမီးများဖြစ်ကြသော ဒေါ်စောယုမာ ၁၂/သဃက(နိုင်)၀၅၆၂၃၃၊ ဦးကျော်ဇင်မင်း ၁၂/သဃက(နိုင်)၁၅၅၃၇၀၊ ဦးခွန်ဇော်မင်း ၁၂/သဃက(နိုင်)၁၅၅၃၆၉ တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့်သားသမီး၊ မြေးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၈၄၉/၂၀၂၅) (၂၈–၇–၂၀၂၅) ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စုပေါင်းပိုင်အဆောက်အအုံဖြစ်သော ရန်ကုန်မြို့၊ လှိုင်သာယာ မြို့နယ်(အရှေ့)၊ ထီးလှိုင်ရှင်အိမ်ရာ၊ (၄) ခန်းတွဲ (၅) ထပ်တိုက်၊ တိုက် (၂၄)၊ မြေညီထပ်မှ စတင်ရေတွက်လျှင် တတိယထပ်၊ (၄–လွှာ)၊ အခန်းအမှတ် (၃၀၃)၊ ကြမ်းခင်းဧရိယာ ၈၈၁ ဒသမ ၅ စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်း၏ အမည်ပေါက် ဒေါ်လဲ့လဲ့ဝင်း ၉/မရတ(နိုင်)၁၀၆၉၈၂ (ယခုလက်ရှိတရားဝင်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးမြတ်သူ ၅/ကလထ(နိုင်)၀၀၀၅၆၂ နှင့် ဒေါ်ပပဇော် ၅/ကလထ (နိုင်)၁၂၄၇၇၈ တို့မှ အဆိုပါတိုက်ခန်းနှင့် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ရာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍သက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မြနှင်းကြူ ၈/မသန(နိုင်)၁၀၂၂၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆုမြတ်ကျော်စိုး (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၆၅)**
**တိုက် (၂၃)၊ အခန်း (၃၀၄)၊ ထီးလှိုင်ရှင်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း – ၀၉ –၄၅၀၀၀၇၉၅၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂–က/မကျီးတန်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ်(၄၆၈–ခ)၊ မြေဧရိယာ၀ ဒသမ ၀၇၂ဧကရှိ မြေကွက်နှင့် အဆောက်အအုံအား အခွန်စည်းကြပ်သူအမည်ပေါက်မရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ ဦးကျော်ဆွေ ၈/ပခက(နိုင်)၁၃၈၂၄၁– ဒေါ်တင်တင်ဝင်း ၈/ပခက(နိုင်)၀၄၈၁၆၂တို့ထံမှ ဦးအောင်ဇော်မျိုး ၅/ဒပယ (နိုင်)၀၆၇၄၇၉– ဒေါ်သူဇာအောင် ၈/ပဖန(နိုင်)၀၇၃၄၀၁တို့သည် ၁၁–၇–၂၀၁၈ ရက်၌ အသိသက်သေများ ရှေ့မှောက်တွင် အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ် လက်ရှိနေထိုင်အကျိုးခံစားလျက်ရှိသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်မ၏မိတ်ဆွေ ဦးအောင်ဇော်မျိုး–ဒေါ်သူဇာအောင်တို့၏အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားမည်ဖြစ်သဖြင့် ဦးကျော်ဆွေ–ဒေါ်တင်တင်ဝင်းတို့ အမည်ဖြင့် ရရှိထားသည့်မြေကွက်/စာရွက်စာတမ်းအထောက်အထားများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း သက်ဆိုင်ရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့နယ်မြေစာရင်းဦးစီးဌာနတို့၌ တရားဝင်စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းများမရှိပါက ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ ဦးအောင်ဇော်မျိုး ၅/ဒပယ(နိုင်) ၀၆၇၄၇၉–ဒေါ်သူဇာအောင် ၈/ပဖန(နိုင်)၀၇၃၄၀၁တို့၏အမည်ဖြင့် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြား ချက်များနှင့်အညီ မြေငှားဂရန်အသစ်ရရှိရေး ဆက်လက် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်မျိုး–ဒေါ်သူဇာအောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိသိမ့်ကျော်( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၆၂၉) ( ၁၄–၆–၂၀၁၈ )**
**ရွှေကံသာရပ်၊ အမှတ်( ၃ )ရပ်ကွက်၊ ပခုက္ကူမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ (၇) ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ ဦးအုံးခေမင်း (ခ) မျိုးမြင့် (ခ) ငွေးဆုံ အမည်ပေါက် ပိုင်ဆိုင်သူထံမှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးပေါ်ငွေးမှ အချင်းဖြစ်ရောင်းချသည့်ခြံကို လက်ဝယ်ရရှိပါကြောင်းနှင့် အကျယ်အဝန်း (၂၂ x ၆၀) ပေ နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ထားသူ ဦးပေါ်ငွေး ၅/အရတ(နိုင်)၀၆၅၁၅၄ မှ ၎င်းကသာလျှင် လက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသန္တာစိုး ၈/နမန(နိုင်)၂၀၇၄၈၉ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိပြီး (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန္တာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၃၀၇)**
**အမှတ် (၄၄၄/ခ)၊ စိတ္တသုခလမ်း၊ (၂/ခ) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း– ၀၉ ၄၃၁၃၁၄၈၇**

စာအုပ် စာပေ လူ့မိတ်ဆွေ

## ကျေးဇူးတင်လွှာ
## သူရဦးသောင်းလွင်၊ ဒုတိယဝန်ကြီး (အငြိမ်းစား)
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## အသက် (၈၀)နှစ်

လွမ်းသူ့ပန်းခြင်းနှင့် သက်နိုးဒ္ဒိစုံခြင်းများ လူကိုယ်တိုင်လာရောက်ပို့ဆောင်ပေးပါသော တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အငြိမ်းစားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အပတ်စဉ်(၁၀)မှ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများနှင့် သူငယ်ချင်းများ၊ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ အစစအရာရာ ကူညီစီစဉ်ဆောင်ရွက်ပေးပါသော မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ တိုင်းအမှတ်(၆)၊ (၇)မှ အရာထမ်း အမှုထမ်းများနှင့် လွမ်းသူ့ပန်းခြင်းပေးပို့ပါသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်၊ ဌာနဆိုင်ရာအသီးသီးမှ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းများ၊ နှုတ်ဖြင့်သတင်းမေးမြန်းကြသူများ၊ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကွယ်လွန်သူ သူရဦးသောင်းလွင်**
**၏**
**ကျန်ရစ်သူမိသားစု**

## ဦးအောင်ဘကြည်
### ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)O.T.S.29
### ဥက္ကဋ္ဌ(ငြိမ်း)၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားဝန်ကြီးဌာန
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ပြေ (၁၄)လမ်း၊ အမှတ် ၄၁၊ ပထမထပ် B(2)နေ (ဦးကိုကြီး-ဒေါ်သန်းတင်)တို့၏သား၊ ဦးသူရအောင်-ဒေါ်ဆုမြတ်မွန်၊ ဦးသီဟအောင်-ဒေါ်ခင်လင်းကြည်တို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘိုး ဦးအောင်ဘကြည်သည် ၁၀-၁-၂၀၂၆ ရက်(စနေနေ့)နံနက်၅နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၁-၂၀၂၆ ရက် (တနင်္လာ နေ့)ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်ဖြစ်ကြောင်း ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၂၆ ရက်(သောကြာနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ (၁၄) လမ်းအရှေ့၊ အမှတ် ၄၁၊ ပထမထပ် B(2) သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### မဟာအောင်မြေခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈

| | | |
|---|---|---|
| ဒေါ်ခင်ဇာဝင့် | နှင့် | ဦးစိုးမင်းသန့် |
| တရားလို | | တရားပြိုင် |

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကံပြားကြီးကျေးရွာအုပ်စု၊ ဆုံကုန်းရပ်နေ ဦးစိုးမင်းသန့်(ဘ)ဦးကျော်ပိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုမာ)
ဒုတိယခရိုင်တရားသူကြီး(၆)
မဟာအောင်မြေခရိုင်တရားရုံး

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ ရှမ်းစု (၁) လမ်း၊ အမှတ် (၃၈) ဟု ခေါ်တွင်သော ဒေါ်နန်းအမည်ပေါက် (အလျား ၄၆ ပေ x အနံ ပေ၆၀) ၌ ဆောက်လုပ်ထားသည့် (အလျားပေ ၄၀ x အနံ ၅၅ ပေ၊ (၂) ခန်းတွဲ ရင်ကွဲတိုက် (၄) လွှာ၏ အခန်း (၈) ခန်းပါဝင်သည့် အဆောက်အအုံအား ရှမ်းစု (၁) လမ်းမှ မျက်နှာမူလျှင် ညာဘက် (ခြေရင်းခန်း) တိုက်ခန်း (၂) ခန်းဖြစ်သော ပထမထပ် (၂) လွှာနှင့် ဒုတိယထပ် (၃) လွှာ အခန်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်" တို့ကို ကန်ထရိုက်တာ ဦးမြသောင်း (၁၂/တမရ (နိုင်) ဝ၄၅၃၅၁) မှ တိုက်ခန်းအကျိုးခံစားခွင့်ရှိသည့် မြေကွက်ပိုင်ရှင် ဦးအောင်သိန်း ( ISN -ဝ၇ဝ၆၁၁) (ကွယ်လွန်)၏ အမွေဆက်ခံခွဲဝေပြီးသူ သားသမီး (၄) ဦးအနက် သားဖြစ်သူ ဦးစိုးမြင့် (၁၂/လမန (နိုင်) ဝဝ၇၉၅၅) ၏ ဇနီး ဒေါ်ချိုဇင်ဝင်း (၁၂/လမန(နိုင်) ၁၄၈၅၃၂) ထံ (၈-၁-၂၀၂၆) ရက်၌ လက်ရှိလက်ရောက်အပ်နှံပေး အပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်အမွေဆက်ခံခွဲဝေပြီးဖြစ်သည့် သားသမီး (၃) ဦးတို့ကိုလည်း အသီးသီးပေးအပ်ခဲ့ပြီးဖြစ်၍ လက်ရှိလက်ရောက် လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ဝေမွန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၉၇၇/၂၂)**
**အမှတ် - ၈၃၊ အခန်း - ၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-ဝ၉ - ၉၅၇ဝ၄၉၆၂၆**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသက်နိုင်စိုး၏ သမီး မသီရိစံ ၉/ရမသ(နိုင်)၂၂၉၉၈၈၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-ဝ၉-၆၇၅၆၈၄၃၂၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၁၀)လမ်း၊ အမှတ်(၃၉၇)နေ ဦးလှသောင်း(ခ) ဦးအေးသောင်း (၁၂/ ရကန(နိုင်) ဝ၈၉ဝ၅၈)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၂.၁၀.၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁) ပါရှိသည့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ ဘိုးဘုံရပ်ကွက် (အစား) ပဲခူးခရိုင်၊ ဝေါမြို့နယ်၊ ကန်တော်ရပ်ကွက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆/မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ် (၆၁)၊ မြေရိယာ (ဝ.ဝ၈၄)ဧကရှိ မြေအား ဦးဖာဆောင်ရုံး အမည်ဖြင့် သက်တမ်းတိုးမြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း (မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/နတ်သျှင်နောင်၊ ဦးပိုင် အမှတ် (၁၉၃ဃ)၊ ဧရိယာ (ဝ.ဝ၈ဝ) ဧကရှိ ဒေါ်သန်းသန်းထွေးအမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား ဒေါ်သန်းသန်းထွေး(ဘ) ဦးဒွေး ၉/စကတ(နိုင်)ဝ၄၈ဝ၄၅မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ် (၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများတင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း နှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရပ်ကွက်ကြီး (၄)၊ အကွက်အမှတ် (၈)၊ အကွက်အမည်(စည်းခုံရပ်)၊ ဦးပိုင်အမှတ် (၁၂၈/က)၊ မြေရိယာ (ဝ.ဝ၅၅) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် (၅၇၆/၂ဝ၁၈-၂ဝ၁၉) အရ (၁၄-၅-၁၉၉၅) ရက်မှ (၁၃-၅-၂၀၂၅)ရက်အထိ ဦးလှမျိုး၏အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့သောမြေဖြစ်ပါသည်။ အဆိုပါ မြေကွက်အား ဒေါ်မာဟေ့ရင် (ခ) ယုယုလှိုင်မှ မြေငှားဂရန်အမည်ပြောင်း/ သက်တမ်းတိုးလျှောက်ထားရန်အတွက် ဆောင်ရွက်နေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း မြေယာပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၈၁-ဂ)၊ ဦးပိုင်အမှတ် (၂၆၈)၊ မြေရိယာ (၃.၉၀) ကေထဲမှ အကျယ်အဝန်းအရှေ့ (၈၁) ပေ၊ အနောက် (၈၁) ပေ တောင် (၅၅) ပေ၊ မြောက် (၅၅) ပေ အကွက်အမှတ် (C-15) (လက်ရှိမြေပေါ်ရှိအတိုင်းအတာ) မြေနှင့် နေအိမ်၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဦးဝင်းမင်းသန့် (၅/မရန (နိုင်) ဝ၂၅၆၈ဝ)ထံမှ ဒေါ်မေသူအောင် (၁၂/လမတ(နိုင်)ဝ၃ဝ၇၃၁) က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မေသူအောင်** | **ဦးနေမျိုးဇော်(LL.B, D.B.L)** |
| **၁၂/လမတ(နိုင်)ဝ၃ဝ၇၃၁** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ် ၊ ပြင်ဦးလွင်မြို့** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် က ရပ်ကွက်၊ သူကြွယ်လမ်း၊ အမှတ်-၇၊ (၄-လွှာ/ဘီ)၊ အကျယ်အဝန်း (၁၅ ပေ x ပေ၆၀ )ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်စိုးမိုး (၁၀/ပမန (နိုင်) ဝ၃၅၃၆၅) နှင့် ဒေါ်သီတာမိုး (၁၀/ပမန (နိုင်) ၁ဝ၃၄ဝ၇)တို့မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်း သည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် [LL.B, D.B.L]**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၂၀)**
**အမှတ် (၄၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ဝ၉-၂၅၄၆၁၂၂၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ဝ၀-၃၇၊ ဦးပိုင်အမှတ် (၃၄)၊ (A) လမ်းနှင့် (B) လမ်းကြား၊ ၆၁X၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်စိုးဦး၏ (SPရရှိသူ ဦးရီလှိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉၆/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုစုကျော် ၁/ဗမန(နိုင်)ဝဝ၃၄၄၂ က အမှုတွဲအမှတ် (၄၆၄၁/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ ဇင်္ဂလ (၄) လမ်း၊ မြေကွက်အမှတ် (၇၉၆/ခ) မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း ၆ ထပ်တိုက်၏ တိုက်အမှတ် (၇၉၆/ခ)၊တတိယထပ် (၄လွှာ)၊အကျယ်အဝန်း(အလျား၁၈'ပေ xအနံ၅၄'ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ဇင်မာဝေ(၇/ကဝန(နိုင်)၁၃၇၅၇၀)က တရားဝင်ဝယ်ယူပိုင်ဆိုင်အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်စိုးမိုးအေး (၁၂/အစန(နိုင်)၁၇၃၂၃၃)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်စိုးမိုးအေး** | **ဒေါ်အေးသူဇာအောင်** |
| **(၁၂/ အစန(နိုင်)၁၇၃၂၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃)** |
| | **အမှတ်-၇၇၊ဦးပုညလမ်းနှင့်ဗိုလ်ကြာညွန့်လမ်းထောင့်၊** |
| | **(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-ဝ၉-၄၂၄၅၉၆၈၃၀** |

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/80931, Honda Wave-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းသူ ၇/ပခန(နိုင်)၃ဝ၃၂၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/34672 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့်ထွန်း ၁၂/ကတန(နိုင်)ဝ၉၇၄ဝ၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဇနီးနှင့်သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၃၇ ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ၁၃၄၂ နေ ဦးကျော်ငြိမ်း (၁၂/စခန(နိုင်)ဝ၂၇၁၂၅)၏ ဇနီးဖြစ်သူ ဒေါ်ခင်မာကြည် (၁၂/စခန(နိုင်)ဝ၂၆ဝဝ၇)နှင့် သားဖြစ်သူ ဦးစောလှထွေး (၁၂/စခန (နိုင်) ဝ၅၈၄၄၈)တို့သည် မိမိတို့၏ သဘောဆန္ဒအလျောက် ဦးကျော်ငြိမ်း၏ အုပ်ထိန်းမှုအောက်မှထွက်ခွာ၍ နေအိမ်မှဆင်းသွားပြီး မိသားစုဝင်များ၏ ဂုဏ်သိက္ခာထိခိုက်စေသည့် ခွင့်လွှတ်၍မရသော လူမှုရေးကိစ္စများအားပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ဇနီးနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သည့်ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စများနှင့် အခြားမည်သည့် အကြောင်းကိစ္စအဝဝမဆို(လုံးဝ)လုံးဝတာဝန်မယူပါကြောင်းနှင့် ၎င်းတို့လုပ်ဆောင်သောကိစ္စအဝဝသည် ၎င်းတို့နှင့်သာ သက်ဆိုင်ပြီး ဆရာငြိမ်းဝပ်ရှော့လုပ်ငန်းနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် ဆရာငြိမ်းဝပ်ရှော့လုပ်ငန်းမှတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အတိအလင်း ကြေညာအပ်ပါသည်။ နောက်နောင်၎င်းတို့ ကိစ္စအဝဝနှင့်ပတ်သက်၍ ဆရာငြိမ်းဝပ်ရှော့လုပ်ငန်း၏ ဂုဏ်သိက္ခာကျဆင်းစေရန်သော် လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် သော်လည်းကောင်း ပြုလုပ်မည်ဆိုပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်ငြိမ်း** | **ဒေါ်သဇင်မြတ်မြတ်ဝင်း** |
| **(၁၂/စခန(နိုင်)ဝ၂၇၁၂၅)** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၈ဝ၇၃/၂ဝ၂၂** |
| | **အမှတ်-၁ဝ၈၈၊ ယသဝတီ-၁၇လမ်း၊ ၁၃ရပ်ကွက်၊** |
| | **တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-ဝ၉-၄၂ဝ၇၆၆၅၈၆၊ ဝ၉-၉၅၉၅၁၆၅၁၅** |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/3276 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ မြေကွက်အမှတ် (၅၀၇)၊ ဧရိယာ (၄၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစားမြေကွက်အား မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးအေးလွင် (U/RGN ဝဝ၁ဝ၅ဝ) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ဂျန်း (ISN-ဝ၆၁၄ဝ၅)၁၂/ရကန(နိုင်)ဝ၅၆၃၂၇ က (၂၆-၇-၁၉၉၆) ရက်စွဲပါ "မြေကွက်အရောင်းအဝယ် သဘောတူစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မည်သူ့ကိုမျှ ထပ်မံရောင်းချထားခြင်းမရှိသဖြင့် ယင်းမြေကွက်၏ ပါမစ်မူရင်းမှာ ကျွန်ုပ်မိတ်ဆွေ၏လက်ဝယ်တွင် ရှိနေပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်ပြီး ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားခြင်းပါမစ်ရှိဖြင့် ဂရန်သစ်လျှောက်ထားခြင်း၊ ဂရန်မိတ္တူလျှောက်ထားခြင်း၊ မြေပုံကူးခြင်း၊ မြေတိုင်းခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်း၊ မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်ခြင်းစသည့် မြေစီမံမှုကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ မပြုလုပ်ကြရန်နှင့် အကယ်၍ ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ အထက်ပါမြေကွက်အား တစ်နည်းနည်းဖြင့် မြေစီမံမှုများကို ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမ B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၁၃)**
**အမှတ် (၁၁၆၁)၊ ရွှေပြည်သာ (၅) လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ဝ၉-၄၃၁၉၉၉ဝ၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/37487, Canda -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးလင်း ၉/စကတ(နိုင်) ဝ၉၇၆ဝဝ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/98536, Jialing-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဦး ၉/မဟမ(နိုင်) ဝ၃၇၂၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၃၈ဝ၆, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထက်ကို ၉/ဥတသ(နိုင်) ဝဝ၃၂၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၂၇၄၄၇, Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်မောင် ၁၃/တခလ(နိုင်) ဝ၉၂၈၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

❖ **ငြိမ်းချမ်းရေးတံခါးကို ကျွန်တော်တို့အနေနဲ့ အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိနေပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက မိမိတို့ရဲ့လိုလားချက်တွေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ စေ့စပ်ညှိနှိုင်းအဖြေရှာရေးကို အားပေးဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ဇန်နဝါရီလ ဒုတိယ ၁၀ ရက်ပတ်အတွင်း လာနီညာအဆင့်တွင် ညအပူချိန်များ လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာ အခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဇန်နဝါရီလ ဒုတိယ ၁၀ ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

မိုး/ဇလ

## ရောဝတီမြစ်ရေ လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၀**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်အရ မန္တလေးမြို့၌ ၂၇၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ဇန်နဝါရီလ ဒုတိယ ၁၀ ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။ မိုး/ဇလ

## ကလေးဝမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၈ ကီလိုကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကလေးဝမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၈ ကီလိုကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် ညနေ ၅ နာရီခွဲတွင် ကလေးဝမြို့နယ် ကလေးဝ – မော်လိုက်သွား ကားလမ်း နန်းမော်ကယ်ကျေးရွာအနီးတွင် မော်လိုက်မြို့နယ် နန်းခမ်းပါတ် သစ်တောကြိုးဝိုင်း၊ ပျဉ်းကတိုးစိုက်ခင်းနေ ကျော်ဇင်လင်း (ခ) မောင်ကောင်း (၂၆) နှစ် မောင်းနှင်လာသော

စာမျက်နှာ ၁၅ ကော်လံ ၁ ◯



ပြစ်မှုကျူးလွန်သူ ကျော်ဇင်လင်း(ခ)မောင်ကောင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

ဖိုးကျော် (ဖမ်းဆီးရန်ကျန်)

## မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်



မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်တွင် လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ တောင်ဘက်ရေမိုင် ၁၅၆ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းပေါ်မှ လိုက်ပါလာသူများအား တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်အစောပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့၏ တောင်ဘက်ရေမိုင် ၁၅၆ မိုင်ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လှေတစ်စင်း ရေဝင်နစ်မြုပ်နေကြောင်း ဇောတိကရေနံစင်၏ အထောက်အကူပြု ရေယာဉ်များ၏ သတင်းပေးပို့မှုအရ ပင်လယ်ပြင်အတွင်း

စာမျက်နှာ ၁၃ ကော်လံ ၁ ✪

## မော်ရိုကိုက ကင်မရွန်းကို အနိုင်ယူပြီး အာဖရိကနိုင်ငံများဖလား ဆီမီးဖိုင်နယ်တက်လှမ်း



မော်ရိုကိုကစားသမား အစ္စမေးလ်ဆာဘရီ ကင်မရွန်းအသင်းဘက် ဒုတိယဂိုး သွင်းယူစဉ်။

အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်မှ ဇန်နဝါရီ ၁၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကင်မရွန်းနှင့် မော်ရိုကိုအသင်းပွဲစဉ်တွင် မော်ရိုကိုအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❄

## ၁၀-၁-၂၀၂၆ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂.၂ | ၃၆.၀ |
| ဟားခါးမြို့နှင့် ဟဲဟိုးမြို့ | ၂.၄ | ၃၆.၃ |
| လွိုင်လင်မြို့ | ၃.၂ | ၃၇.၈ |
| ပင်လောင်းမြို့ | ၄.၀ | ၃၉.၂ |
| တီးတိန်မြို့ | ၄.၃ | ၃၉.၇ |
| ပူတာအိုမြို့ | ၅.၃ | ၄၁.၅ |